
www.burmeseclassic.com

အောင်မြင်စာပေ

# ဖြူဝဝေ

## ကျွန်းခေါင့်တစ္ဆေ




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး။
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးမြင့်မားရေး။

# ဓူဝံ



# ကျွန်းခေါင့်တခွေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com






## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် -
၅၀၀၉၆၆၀၆၀၈၊
မျက်နှာဖုံးခွင့်ပြုချက်အမှတ် -
၅၀၀၈၈၅၀၇၀၈၊

**ထုတ်ဝေသူ**
ဦးဖေအောင်မြင့်၊ အမှတ်(၇)၊
သီတာလမ်း၊ ကျောက်မြောင်း၊
ရန်ကုန်မြို့။

**အတွင်းနှင့်**
**မျက်နှာဖုံးပုံနှိပ်**
အောင်မြင်ပုံနှိပ်တိုက်၊
အမှတ်(၁၆)၊
သစ်ရာပင်လမ်းသွယ်၊
၂၃ ရပ်ကွက်၊ သုဝဏ္ဏ။

**ဖြန့်ချိရေး**
အောင်မြင်စာပေ၊အမှတ်(၁)၊
အောင်ဘာလေလမ်း၊ကျောက်မြောင်း၊
တာမွေ၊ ရန်ကုန်မြို့။
ပထမအကြိမ် ၂၀၀၈ခုနှစ်၊
(ဩဂုတ်လ)၊ အုပ်ရေ(၅၀၀)၊
တန်ဖိုး(၂၀၀)ကျပ်။


BURMESE CLASSIC .com

လူတချို့က...

တစ္ဆေသရဲကို မတွေ့ဖူးသလို...

ကြောက်လည်း မကြောက်ကြ...

"အေရာမှာ လူပြောသူပြောအရသာ ဆိုရင် သရဲတစ္ဆေ တွေ များလွန်းလို့ လူတွေ တောင် နေစရာရှိမှာ မဟုတ်တော့ဘူး...

မစိုးတော့လေ...ခုချိန်ထိ သရဲတစ္ဆေ ဆိုတာ တစ်ကောင်မှ မတွေ့ဖူးဘူး၊ အခြောက်လည်း မခံရဖူးဘူး၊ ဒါကြောင့် ကြောက်လည်း မကြောက်ဘူး..."

မိုးမြင့်

www.burmeseclassic.com

www.burmeseclassic.com



လူတချို့က…

တစ္ဆေသရဲကို မတွေ့ဖူးသော်လည်း…

အကြောက်ကြီးကြောက်ကြသည်…

"ဆရာမ…ကျွန်တော်တစ်ယောက်တည်း မပြန်ရဲဘူး၊ သရဲကြောက်တယ်…

ကျွန်တော်ပြန်ရမယ့်လမ်းက တအားခြောက်တာ…"



လူတချို့က …

တစ္ဆေသရဲကို တွေ့ဖူးသည်…

အခြောက်လည်း ခံရဖူးသည်…

ထို့ကြောင့် ကြောက်လည်းကြောက်ကြသည်။

"ဟိုမှာကြည့်စမ်း မိုးစွေ…ငါတို့ လျှောက်လာတာ နှစ်ယောက်တည်း၊ ခြေရာက သုံးစုံဖြစ်နေပြီ၊ သရဲတစ်ကောင် တို့နဲ့ ပါလာတယ်…ပြေးကြစို့"



www.burmeseclassic.com

www.burmeseclassic.com

လူတချို့က...

တစ္ဆေသရဲကို တွေ့ဖူးသည်...

အခြောက်လည်း ခံရဖူးသည်...

သို့သော် ကြောက်ရွံ့ခြင်း အလျဉ်းမရှိ...

"ဒီကျောင်းပေါ်မှာ မကောင်းဆိုးဝါး

တစ္ဆေသရဲတွေ ရှိတယ်ဟုတ်လား...

ဒီဇာတ်လမ်းဟောင်းကြီးကို ဘယ်သူ

ပြန်လည်ဆန်းသစ်လိုက်တာလဲ၊ ဒီကျောင်း

ပေါ်မှာ မနှစ်က တစ်နှစ်လုံး တစ်ယောက်

တည်း နေလာခဲ့တဲ့ ကျွန်တော့်ကိုများ

အားနာပါဦးလား"

မမိုးဇွေသည် အထက်ပါ လူတချို့

ထဲက တစ်ယောက်သာဖြစ်ပါသည်။

"မြေထောက်ကြီးနှစ်ချောင်း

တွဲလောင်းကျနေတာ လှုပ်တောင်

နေတယ်...သိပ်ကြောက်စရာကောင်း


တာပဲ"

မိုးဇွေ

လက်ကျာအောင်

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

နွေ ညနေခင်းဖြစ်၍ လေပြင်းက တောင်ဘက် ပင့်လယ်မှ တဟူးဟူး တိုက်ခတ်လျက်ရှိနေသည်။ လှိုင်းတွေ သောင်ပြင်ပေါ် တဝုန်းဝုန်း တိုးဝင်နေသော အသံကိုလည်း မှန်မှန်ပင် ကြားနေရ၏။ လိမ္မော်ရောင် နေလုံးကြီးက ပင်လယ် ထဲ မြုပ်ဝင်စပြု၍ နေလေပြီ။ ပတ်ဝန်းကျင်တခွင်လုံး မြူခိုးတွေ မှိုင်းဝေနေသည်။

ရှည်လျားကျယ်ဝန်းလှသော အေရာရွာ၏သဲသောင် ပြင်ပေါ်တွင် ကလေးတစ်သိုက် စုဝေးဆော့ကစားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အနိုင်အရှုံး ကျားဗိုလ်ဆွဲကြရင်း နောက်ဆုံး ရှုံးသူမှာ မင်းသူဖြစ်သွားလေ၏။ ထွန်းထွန်းက နိုင်သူဖြစ်၍ မင်းသူကို ပြောသည်။

"မင်းရှုံးပြီ. . ကျွန်းစောင့်တစ္ဆေ လုပ်ပေတော့"

"တစ်ယောက်ကို မိတာနဲ့ ကျွတ်လွတ်ကြေးနော်"

"ဘယ်ရမလဲ. . . စည်းဝိုင်းထဲ ဆွဲသွင်းနိုင်မှ မင်းတစ္ဆေဘဝက လွတ်မှာ. . ခါတိုင်းလည်း ဒီလိုပဲဟာ"

"ရပါတယ်. . တစ်ကောင်ကောင်ကို ငါဆွဲသွင်းပြမယ်"

ကစားကြသူများတွင် မင်းသူက အများထက် အရပ်အရှည်ဆုံး ဗလအတောင့်ဆုံးဖြစ်လေသည်။

အားလုံး အလယ်တန်းကျောင်းသားတွေ ဖြစ်သော်လည်း မင်းသူက ပိုမိုထွားကြိုင်းနေပါ၏။ မင်းသူက လိပ်ဥအဖြစ် ကျောက်တစ်လုံးကို သဲပေါ်တွင် ချထားပြီး ပတ်ပတ်လည်တွင် စည်းဝိုင်း,ဝိုင်းထားလိုက်သည်။ လိပ်ဥကို စည်းဝိုင်းထဲ ဝင်ဆွဲမှ ရနိုင်မည်။ စည်းဝိုင်းထဲမှာ ကျွန်းစောင့်တစ္ဆေအဖြစ် မင်းသူ အသင့်ဖြစ်နေသလို ကစားဖော်တွေကလည်း စည်းဝိုင်းအပြင်ဘက်မှာ ပတ်ပြေးနေကြပြီး လိပ်ဥကို နှိုက်ရန် ချောင်းနေကြပြီ။ ကစားဖော်တွေက အပြိုင်ကို ဝိုင်းအော်နေကြသည်။

"ကျွန်းစောင့်တစ္ဆေ ဝေလေလေ
နင်ဘယ်ကျွန်းမှာနေ. . "





စည်းဝိုင်းထဲက မင်းသူကလည်း ပြန်ဖြေရင်း အပြင်က ကစားဖော်တွေကို လိုက်ဆွဲလေသည်။

"ပင်လယ်ပြင်သောင်ထွန်း
ကိုင်းသောင်ဆိုတဲ့ကျွန်း. . "

လိပ်ဥနှိုက်မည့်ကလေးတွေက အော်ကြပြန်လေ၏။

"နင့်ကျွန်းပေါ် လိပ်တွေများ
လိပ်ဥတွေကများ. . ငါတို့နှိုက်လို့စား"

လိပ်ဥနှိုက်ရန် ကြိုးစားသူကို မင်းသူလိုက်ဆွဲရင်း ပြန်အော်သည်။

"စားဝံ့လှာလေ ငါပိုင်မြေ
လက်တံရှည်ရှည် ငါတစ္ဆေ
မိရင်သေမျိုး ငါကုတ်ချိုးမယော့. . "

စည်းအပြင်ဘက်မှ ကလေးတွေက မင်းသူ မူးနောက်သွားအောင် စည်းဝိုင်းကို ပတ်ချာလည်ပြေးနေကြလေပြီ။

"မကြောက်စတမ်း လိပ်ဥစမ်း
မိအောင်ဖမ်းလေ ကျွန်းစောင့်တစ္ဆေ
တို့မကြောက်ပေ ဝေလေလေ
မကြောက်ဘူးဟေ့ မကြောက်ဘူးလေ. . "

ကလေးတွေ အော်ဟစ်ဆော့ကစားသံက လှိုင်း လေသံနှင့်အတူ သောင်ပြင်ပေါ်တွင် ဆူညံနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေလုံးကြီးက ပင်လယ်ထဲ စုံးစုံးမြုပ်ဝင်သွားခဲ့ပြီ။ အလင်းရောင် အားနည်းသွားသော သောင်ပြင်ပေါ်မှာလည်း အမှောင်ရိပ်က မြူခိုးတွေနှင့် မျောလွင့်နေတော့သည်။

ထိုစဉ်မှာ လိပ်ဥနှိုက်သူတစ်ယောက်၏လက်ကို မင်းသူ ဖမ်းမိသွား၏။ စည်းဝိုင်းအတွင်းသို့ ဆွဲသွင်းလိုက်သည်။ သို့သော် လက်ကို ဖမ်းမိပြီး အဆွဲခံနေရသူကို အဖော်တွေက ခါးဖက်ပြီး ဝိုင်းဆွဲထားကြသည်။ မင်းသူနှင့် ကစားဖော်များ သူနိုင်ကိုယ်နိုင် အပြိုင်ဆွဲနေကြခြင်းဖြစ်၏။

အများနှင့်တစ်ယောက်မို့ စည်းဝိုင်းထဲက ကျွန်းစောင့် တစ္ဆေ မင်းသူ စည်းအပြင်သို့ တရွေ့ရွေ့ ပါနေပြီ။ သို့သော် မင်းသူက သဲသောင်ကို ခြေစုံကန်ထားပြီး တောင့်ခံနေသည်။ လေတိုက်သံတွေ ပိုမိုကျယ်လောင်လာနေပြီ။ လှိုင်းတွေ သောင် ပေါ်သို့ စိပ်စိပ်တက်လာ၏။ မြူတွေ မှိုင်းလာ၍ ပင်လယ်ထဲက ကိုင်းသောင်ကျွန်းကလေးကိုပင် မမြင်ရအောင် ဖြစ်သွားသည်။ ခွေးတွေလည်း အူနေကြပြီ။

မင်းသူဖမ်းမိထားသူကို သူ့အဖော်တွေက တစ်ယောက် ခါး တစ်ယောက်ဖက်ဆွဲနေသဖြင့် မင်းသူ စည်းအပြင်သို့ ပါသွား နေသည်။ ထိုစဉ်မှာ မီးရထားတွဲကြီးလို ဆွဲနေကြသူတွေအားလုံး နောက်ပြန်လဲကျကုန်၏။ မင်းသူ၏လက်နှစ်ချောင်း ရှည်ထွက်ပါ သွားသောကြောင့်ဖြစ်သည်။ မင်းသူ၏ရုပ်လည်း ကြောက်မက်





ဖွယ်ကောင်းအောင် ပြောင်းလဲသွားသည်။ လက်တံရှည်ရှည် နှစ်ချောင်းက လဲကျနေသူတွေကို လိုက်ဆွဲနေလေသည်။


"သရဲ . . . သရဲ . . ."

ကစားဖော်တွေ ကြောက်လန့်တကြား အော်ဟစ်ထွက် ပြေးကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂)

မိုး စွေပြောပြသည်ကို နားထောင်ပြီး အမေက သဘောမတူသောစကားကို ဆိုသည်။

"အဲဒီကို ညည်းတစ်ယောက်တည်း သွားမလို့လား. . . မဖြစ်နိုင်ပါဘူး မိုးစွေရယ်"

"အေရာမှာ ဘကြီးတို့ ရှိနေတာပဲ. . . ဘကြီးတို့နဲ့ သမီး နေမှာပေါ့၊ သမီး ဘွဲ့တစ်ခု လိုချင်တယ် အမေ. . . ဒီအလုပ် လုပ်မှ ကျောင်းဆက်တက်နိုင်မှာ. . . အမေတို့ ညီမလေးတို့ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ပေးနိုင်မှာ. . .”

“လခက ဘယ်လောက်ရမှာမို့လဲ”

“မြို့မှာထက်ကို ပိုရမှာ အမေရဲ့”

“ဟုတ်ပါ့မလား. . .”

“လခကို ကျေးရွာက ထောက်ပံ့တာ၊ ဒါကြောင့် လာလုပ်ချင်အောင် ပေးတာ”

“နေပါဦး. . . ကျောင်းဆရာမ လုပ်ရမှာဆိုတော့ သမီးက ဘယ်နှစ်တန်း ပြမှာလဲ”

“ကျောင်းက အလယ်တန်းကျောင်းဆိုတော့ ရှစ်တန်းအထိပဲပေါ့. . . သမီးပြနိုင်ပါတယ်”

“နင်က ဘွဲ့လည်း ရသေးတာ မဟုတ်ဘူး၊ နောက်ပြီး အရောက မြေကြမ်းလွန်းတယ် မိုးစွေ၊ နင့်ကို ငါစိတ်မချပါဘူး၊ အငယ်မသာ မရှိရင် ငါလိုက်ခဲ့ပါတယ်”

“မြေကြမ်းတယ်ဆိုတာ ဘာလဲ အမေ”

“သရဲတစ္ဆေ ပေါတာကို ပြောတာ၊ ညည်းကလည်း ကြောက်တတ်ပါဘိသနဲ့. . . ဖြစ်ပါ့မလား မိုးစွေရယ်”

“သမီးက ဟိုလူပြော ဒီလူပြောနဲ့ သရဲကြောက်တာ၊ တွေ့ဖူးတာ မဟုတ်ဘူး၊ အမေကော တွေ့ဖူးလားဟင်. . .”

“နဖူးတွေ့ဒူးတွေ့ကို တွေ့ဖူးတာပေါ့ မိုးစွေရယ်”

“ဘယ်မှာ တွေ့ဖူးတာလဲ အမေ”





“အခု ညည်းသွားပြီး ကျောင်းဆရာမ လုပ်မယ်ဆိုတဲ့ အရောမှာပေါ့၊ ငါနဲ့ ညည်းအဖေ ကိုဘရှင် ညားကာစက သူ့အစ်ကို ကိုဘသင်ကို အကန်တော့သွားတုန်းက အခြောက်ခံရဖူးတာ. . .”

“ဘယ်လိုအခြောက်ခံရတာလဲဟင်. . . သမီးကို ပြန်ပြောပြပါနော်”

ဤသို့ဖြင့် မမိုးစွေ မိခင်ဒေါ်စောမြ ပြန်ပြောပြခဲ့သည့် လွန်ခဲ့သော ဆယ့်ခုနစ်နှစ်ကျော်က အဖြစ်အပျက်မှာ. . .

အနောက်ဘက်တွင် နေဝင်သွားခဲ့ပြီဖြစ်၍ ပင်လယ်ကမ်းခြေရွာလေး အရောလည်း အမှောင်ထဲသို့ ရောက်စပြုလာသည်။ မစောမြအဖို့ တဝုန်းဝုန်း ကြားနေရသော လှိုင်းပုတ်သံကိုပင် ထိတ်လန့်စရာဟု ထင်နေ၏။ ထို့ကြောင့်လည်း လင်ညီအစ်မဖြစ်သူ မသန်းမေကို အဖော်ညှိလိုက်သည်။

“လှိုင်းသံက ကြောက်စရာကောင်းလိုက်တာ သန်းမေရယ်”

“ငါတို့တော့ လှိုင်းသံမကြားရရင်တောင် အိပ်မပျော်ဘူး၊ ရိုးနေပြီ. . .”

သူတို့နှစ်ယောက် ရွာလမ်းက ထွက်ပြီး သောင်ပြင်ပေါ်မှာ လျှောက်သွားနေကြခြင်းဖြစ်၏။ မြူတွေ ဆိုင်းပြီး မြင်ကွင်းတွေ မှိုင်းမှုန်နေပြီ။ အရောရွာက အရှေ့အနောက် တန်းနေ

www.burmeseclassic.com

www.burmeseclassic.com



သော ရွာတန်းရှည်ရှည်ဖြစ်သည်။ ရွာတောင်ဘက်မှာ ရှိသော သောင်ပြင်ကလည်း အရှေ့အနောက် တန်းနေပါ၏။

"ဟဲ့. . . သန်းမေ၊ နင်တို့ ဘယ်သွားကြမလို့လဲ. . . ခဏလာစမ်းပါဦး"

သောင်စပ်အိမ်တစ်လုံးထဲက မိန်းမတစ်ယောက် ထွက်လာပြီး ခေါ်နေရာ. . . မသန်းမေက လျှောက်သွားရင်း ဖြေလိုက်သည်။

"ရွာဖျားက ရွှေဟောင်းဘုရားပျက် ဖူးချင်တယ်ဆိုလို့ သွားမလို့ ဒေါ်လေးရေ့"

"သူက. . . ဘရှင်ယူလာတဲ့ ဘိုကလေးမြို့သူ ဆိုတာလား"

"ဟုတ်တယ်. . . ဒေါ်လေး"

"အချောသားနော်. . . "

"စောမြရေ. . . သွားနှင့်၊ သန်းမေ. . . ပြောစရာလေးတွေရှိလို့. . . ခဏလေး"

မစောမြလည်း သောင်ပြင်အတိုင်း တစ်ယောက်တည်း ဆက်လျှောက်သွားပါသည်။ လှိုင်းသံလေသံတွေက ကျောထဲ တစိမ့်စိမ့် ဝင်လာ၏။ အမှောင်ကလည်း ပိုပြီးသိပ်သည်းလာနေပြီ။ အဝေးကို လှမ်းကြည့်လျှင် မြင်ကွင်းက မမြင်ဝိုးတဝါး မှုန်ဝါးဝါး ဖြစ်နေပါ၏။





ညာဘက်အိမ်တန်းတွေထဲက မီးရောင်တွေ မြင်နေရသည်။ ဘယ်ဘက်က ပင်လယ်ကြီးကတော့ လှိုင်းသံလေသံတွေနှင့် ခြောက်လှန့်နေသလို ခံစားလာရပါသည်။ သွားရင်းလာရင်း အိမ်တန်းတွေ ဆုံးသွားတော့သည်။

အိမ်တန်းတွေအဆုံးမှာ အုတ်ဂူဖြူဖြူတွေကို မစောမြ တွေ့လိုက်ရ၏။ သင်္ချိုင်းကုန်းဆိုသောအသိကြောင့် ခြေလှမ်းတွေ ရပ်သွားသည်။ နောက်သို့ လှည့်ကြည့်လိုက်သော်လည်း မသန်းမေ၏အရိပ်အယောင်ကို မမြင်ရဘဲ ရှိ၏။

ကြောက်စိတ်က တစ်ကိုယ်လုံး ပျံ့သွားပါသည်။ နားထင်နရင်းတွေ ကြီးနေပြီ။ နှလုံးအခုန်လည်း တဒိတ်ဒိတ်နှင့် မြန်ချင်တိုင်း မြန်နေ၏။ ရှေ့ဆက်မသွားဝံ့၊ မသွားရဲ ဖြစ်နေပြီ။

ထိုစဉ် ရှေ့ဘက်မှ ဒယိမ်းဒယိုင်နှင့် ပြေးလာနေသူ တစ်ယောက်ကို မစောမြ တွေ့လိုက်ရသည်။ နီးလာမှ မိန်းမတစ်ယောက်ဖြစ်နေသည်ကို သိလိုက်ပါသည်။ ဆံပင်တွေက ဖားလျားကျနေ၏။

အတော်နီးနီးရောက်မှ မျက်နှာပေါ်က သွေးတွေကို တွေ့လိုက်ရသည်။ ခေါင်းပေါ်မှ သွေးတွေက တစိမ့်စိမ့် စီးကျနေပါသည်။

"ကျွန်မကို ကယ်ပါ. . . ဟိုနောက်မှာ. . . နောက်မှာ"

"ဘာ. . . ဘာဖြစ်လာတာလဲဟင်. . . "



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှာ. . . လိုက်ခုတ်သတ်နေလို့၊ ဟိုမှာ. . . လိုက်လာနေပြီ. . ကယ်ပါဦး"

မစောမြ အမှောင်ထဲသို့ လှမ်းကြည့်သော်လည်း ဘာကိုမှ မမြင်ရဘဲ. . . အမှောင်သက်သက်ကိုသာ မြင်ရသည်။

"ကျွန်မကို ကယ်ပါ. . . ကယ်ပါနော်"

ပြောလည်းပြော. . . မစောမြလက်ကိုလည်း လှမ်းဆွဲလိုက်၏။ လက်တွေက အေးစက်နေပါသည်။ မစောမြ တစ်ကိုယ်လုံးလည်း အေးခဲတောင့်တင်းသွားရ၏။ မစောမြ လက်ကို ရုန်းဖယ်ကြည့်သည်။ ဖမ်းဆုပ်ထားသည်က မြဲမြဲလွန်းနေ၍ ရုန်းမရဘဲ ရှိနေပြီ။

"ရှင့်လက်တွေက အေးစက်နေတာပဲ၊ လွှတ်ပါ. . . ကျွန်မလက်ကို. . ."

"ကျွန်မကို ကယ်ပါ. . ."

"လွှတ်ပါ. . . ကျွန်မလက်ကို လွှတ်ပါ. . ."

"ဟိုမှာ လိုက်လာနေကြပြီ. . . လာနေပြီ"

"လွှတ်ပါ. . . လွှတ်ပါ. . . အမလေး. . ."

မစောမြ အော်ဟစ်ပြီး လဲကျသွားတော့သည်။

နားထောင်နေသော မိုးစွေကိုယ်တိုင် အသက်ရှူဖို့ မေ့လျော့နေပါသည်။ တစ်ကိုယ်လုံးလည်း အေးစက်တောင့်တင်းနေပြီး ကြက်သီးတွေလည်း ထနေ၏။ အမေ့အနားသို့





နိုးသထက်နိုးအောင် တိုးကပ်လိုက်သည်။

"အမေလဲကျပြီး. . . ဘာဖြစ်သွားသလဲဟင်"

"အမေလဲကျနေတဲ့နေရာကို သန်းမေတို့ ရောက်လာတယ်လေ. . . အမေ ကြောက်ပြီးမေ့သွားတာ၊ ဘာမှမဖြစ်ပါဘူး"

"ဟို သွေးတွေနဲ့ မိန်းမကော ဘာဖြစ်သွားလဲ အမေ"

"အဲဒါ သရဲဟဲ့၊ သူ့ကို သူ့ယောကျ်ားက ရဲဒင်းနဲ့ ခုတ်သတ်လို့ သေတာ တစ်လလောက် ရှိနေပြီတဲ့. . ."

"အမေ. . အမေ. . သမီး အေရာကို မသွားဝံ့အောင်ခြောက်နေတာတော့ မဟုတ်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၃)

**တာစ်** ညလုံး မမိုးစွေတို့သားအမိ ညဥ့်နက်သန်းခေါင်အထိ ငြင်းနေခုန်နေခဲ့ကြသည်။ မမိုးစွေ နိုးလာတော့ နေအတော် မြင့်နေပြီ။ ဆယ်တန်းကျောင်းသူ ညီမ တိုးတိုးက အစောကြီး ထပြီး စာကျက်နေသည်။ အိပ်ရာမှ ထလာသော အစ်မဖြစ်သူကို မြင်လိုက်သည်နှင့် တိုးတိုးက. . .

"မမ. . . အေရာကို သွားမှာလားဟင်"

"အင်း. . . မမသွားရင် ညီမလေး အခက်အခဲ ရှိနေမလားဆိုတာကိုတော့ တွေးနေတုန်းပဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေတစ်ယောက်လုံး ရှိနေတာပဲဟာ၊ မမ သွားမှာသာ သွားပါ. . . နောက်ဆံမတင်းပါနဲ့၊ တိုးတိုးကသာ မမအတွက် စိတ်မချတာ"

"အလိုတော်. . . ဘာစိတ်မချတာလဲ. . . ပြောစမ်းပါဦး"

"မမ ဆရာမ သွားလုပ်မှာ အေရာမဟုတ်လား"

"အင်းလေ"

"ဟို. . . မပုလဲ သိတယ် မဟုတ်လား. . . တိုးတိုး သူငယ်ချင်းလေ၊ သူ့အဘွားက အေရာသူ မမရဲ့"

"အဲဒီတော့ ဘာဖြစ်လဲ"

"အဲဒီအဘွားက ပြောတယ်၊ အေရာအနီးအနားမှာ ကြွက်တွေ သိပ်ပေါတာပဲတဲ့၊ ကြွက်တွေက ညဘက်ဆို ရွာတည်ပြီး နေကြတာတဲ့"

"မမလည်း ကြားဖူးပါတယ်"

"လူတွေက ကြွက်မှန်း မသိရင် သူတို့နဲ့ ရောနှောနေထိုင်စားသောက်မိတာပဲတဲ့"

"အဲသလိုဆို လူတွေကို ဂုတ်ချိုးစားပစ်လိုက်သလားဟင်"

"ဘုန်းနိမ့်ရင် စားချင်စားပစ်နိုင်တာပဲ၊ ဒါပေမယ့် အဘွားပြောပြတဲ့အထဲမှာ ဂုတ်ချိုးစားတာ မပါပါဘူး"





"တိုးတိုး ကြားခဲ့တာ မမကို ပြန်ပြောပြပါလားဟင်"

"ဘွားဘွားပြောပြတာက သူ့ကိုယ်တွေ့မဟုတ်ဘူး၊ သူ့မောင် လူပျိုကြီး ဦးမောင်ငယ် ကြွက်တွေနဲ့ တွေ့ခဲ့တဲ့အကြောင်းပါ"

"အဲဒီအကြောင်းပဲ မမကို ပြန်ပြောပြ"

ထိုအချိန်က မြန်မာနိုင်ငံသည် အင်္ဂလိပ်ကိုလိုနီနိုင်ငံအဖြစ် ရှိနေသည်။ မောင်ငယ်နှင့်မောင်ကြိုင်တို့နှစ်ယောက်သည် အရွယ်ကောင်း သူငယ်ချင်းနှစ်ယောက်ဖြစ်၏။ တစ်နေ့တွင် မောင်ကြိုင်က အလုပ်အကိုင်တစ်ခု ယူလာသည်။

"မောင်ငယ်. . . ငါနဲ့ လိုက်ခဲ့ကွာ"

"ဘယ်ကို လိုက်ရမှာလဲကွ. . . အရင်းမရှိ အဖျားမရှိ"

"လံခုတ်မလို့. . . ခားပြချောင်းက ငါ့ဦးလေး မီးသွေးဖိုမှာ ထင်းလံတွေ လိုနေတယ်၊ ငါတို့ ဈေးသုံးရတာပေါ့ကွာ"

"နေဦး. . . ငါ့အစ်မဆီမှာ ခွင့်တောင်းကြည့်ဦးမယ်လေ"

ထိုအချိန်မှာ အစ်မဖြစ်သူက အိမ်ထဲက ထွက်လာသည်။ မောင်ငယ်တို့နှစ်ယောက် ပြောနေသည်များကိုလည်း ကြားပြီးပြီ။

"မောင်ကြိုင်နဲ့ဆိုရင်တော့ စိတ်မချစရာ မရှိပါဘူးကွယ်၊ မင်းတို့ ဘယ်နှစ်ရက် ကြာမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မကလည်း. . . လံသွားခုတ်ပါတယ်ဆိုမှ ဥပုသ် တစ်ပတ်တော့ ကြာမှာပေါ့"

"ဟုတ်ပါပြီ. . . ငြိမ်းရင်သာ အိမ်ကို တန်းတန်းမတ်မတ် ပြန်လာခဲ့ကြနော်၊ မောင်ကြိုင်. . . မင်းနဲ့မို့ ထည့်လိုက်တာ၊ စိတ်ချမယ်. . . ဟုတ်လား"

"စိတ်ချပါ. . . အစ်မကလည်း"

"ပိုက်ဆံရလာရင်လည်း သုံးဖြုန်းမပစ်ခဲ့ကြနဲ့ဦး၊ စုစု ဆောင်းဆောင်း လုပ်ခဲ့. . . ကြားလား မောင်ငယ်"

"ဟုတ်ကဲ့ပါ အစ်မကလည်းဗျာ၊ ကျွန်တော့်ကို ကလေး လေး ကျနေတာပဲ၊ လံသွားမခုတ်ဖူးတာလည်း မဟုတ်ဘူး"

"စိတ်မချလို့ မှာတာ မောင်ငယ်. . . စိတ်မချလို့"

သူတို့သူငယ်ချင်းနှစ်ယောက် သမ္ဗန်ကြီးတစ်စင်းနဲ့ မြင်းကသား ရှိရာတောကို ရှာပြီး တောဝင်လေ၏။ လှေကို လေကွယ် လှိုင်းကွယ်မှာ အသေအချာ ချည်နှောင်ပြီး ကမ်းပေါ် တက်ကြ သည်။ လှေကပ်ထားသော ကမ်းအနီးအပါးတွင် မြင်းကတော ကို မတွေ့ရသဖြင့် အတွင်းပိုင်းသို့ ဝင်ကြလေ၏။ အတော်ကြီး ကြာမှ စိတ်တိုင်းကျ မြင်းကပင်များကို တွေ့ကြရသည်။

"မောင်ကြိုင်ရေ. . . ဒီတောကို ပြောင်အောင်ခုတ်ကြ တာပေါ့"

မွန်းလွဲချိန် ရောက်သော်လည်း မြင်းကသားက အနည်း





ငယ်သာ ရသေးသည်။ ထမင်းကလည်း ဆာလောင်နေကြပြီ။

"မောင်ငယ် ဗိုက်ဆာနေပြီ. . . နားကြမယ်ကွာ"

"ဒါဆို တစ်ရက်တည်း ပြတ်မှာမဟုတ်ဘူးကွ"

"တစ်ရက်နဲ့ မပြတ်လည်း နောက်တစ်နေ့ ဆက်ခုတ်ကြ တာပေါ့ကွာ၊ ဘာပူစရာ ရှိတာမှတ်လို့"

နှစ်ယောက်သား ပါလာသော ထမင်းချိုင့်တွေကို ဖွင့်စား ရာ တစ်ခဏအတွင်း ပါလာသောထမင်းတွေ ပြောင်သွား၏။

"ငါတော့ ညစာပါ ကြိတ်ပစ်လိုက်ပြီ"

"ငါလည်း ထမင်းပြောင်သွားပြီကွ၊ ညမှ ထမင်းထပ် ချက်တာပေါ့ကွာ၊ ဟင်းတွေ ကျန်နေသေးတာပဲ"

သူတို့ ဆေးလိပ်သောက် အပန်းဖြေပြီးမှ ဆက်ခုတ်ကြ သည်။ မြင်းကသား၊ ပေါင်လုံးလက်မောင်းလုံး ကိုင်းများကို ခုတ် ယူကြခြင်းဖြစ်ပါသည်။ နှစ်ယောက်သား မခိုမကပ် ခုတ်ပါသော် လည်း ထင်းက အလုံအလောက် မရသေးဘဲ နေက ဝင်တော့ မည်။

"မောင်ကြိုင်ရေ. . . အခြေအနေ ဘယ်လိုရှိလဲ"

"လိုသလောက်နဲ့ ဝေးပါသေးတယ်၊ ဒီမှာ တစ်ညအိပ် လိုက်ကြတာပေါ့ကွာ၊ အမာဘက်က ကောင်တွေဆို လေးငါးရက် ခုတ်ကြတာ၊ ငါတို့က တစ်နေ့တည်း တော်တော်ရနေပြီ"

"ဒါဆို ခုပဲ နားလိုက်ကြတာပေါ့၊ စားရေးသောက်ရေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရဦးမယ်"

ခုတ်ပြီး ထင်းပိုင်းတွေ နေသားတကျ စီစဉ်ပြီးသော အခါ နေဝင်စဖြစ်နေပြီ။ ချောင်းထဲ ဆင်းပြီး ရေချိုးနေစဉ်မှာ မြူတွေ ဆိုင်းလာပြီး အမှောင်က ဝင်စပြုသည်။ ရေကျချိန်ဖြစ်၍ လည်း ရေစီးက သန်နေ၏။

ထိုစဉ် ရေစီးထဲမှာ မိန်းကလေးတစ်ယောက် မြုပ်ချည် ပေါ်ချည်နှင့် မျောပါလာသည်ကို မောင်ငယ် တွေ့လိုက်ရသည်။ မိန်းကလေးထံ မောင်ငယ် ကူးသွား၏။ အနားရောက်သောအခါ နောက်ဘက်မှ ဖက်ပြီး ကမ်းဘက်သို့ ကူးခတ်လာရသည်။ ကမ်း ပေါ်အရောက်မှာ မိန်းကလေးက ရေတွေ အန်ချပစ်လေ၏။ အတော်ကြာမှ ကျေးဇူးတင်စကား ပြောနိုင်လေသည်။

"မစိမ်းပင်အသက်ကို အစ်ကိုတို့ ကယ်လိုက်တာပါပဲ"

အသံက ချိုသာသလောက် ရုပ်ကလည်း မှောင်ရီရီ အလင်းထဲမှာပင် လှပသူဖြစ်ကြောင်း သိသာ၏။ ထမီကို ရင်လျား၍ ရေစိုနေသော ကိုယ်လုံးကလည်း အချိုးကျကျ ပြေပြစ်လှသည်။ မောင်ကြိုင်က သူမကို မေးခွန်းထုတ်လိုက်၏။

"မင်းဘယ်ရွာကလဲ"

"စက်ဆန်းဘက်ကပါ. . . အဖေနဲ့ သစ်ခုတ်လိုက်လာ တာ. . . ချောင်းထဲ ရေဆင်းချိုးရင်း ရေမကူးတတ်ကူးတတ်နဲ့မို့ မျောပါလာတာပါ"





"ငါတို့နဲ့သာ မတွေ့ရင် မြစ်ထဲ ပျောက်သွားပြီး မင်း သေမှာပဲ"

"ဟုတ်ပါတယ်ရှင့်. . . မစိမ်းပင်ရဲ့အသက်ဟာ အစ်ကို တို့ ပေးတဲ့အသက်ပါပဲ"

"မင်းနာမည်က မစိမ်းပင်တဲ့လား၊ ငါ့နာမည်က မောင် ငယ်၊ ဟိုကောင်က မောင်ကြိုင်"

"ငါတို့က အေရာက လံလာခုတ်ကြတာပဲ"

"ဟိုဟာ အစ်ကိုတို့သမ္ဗန်လား"

"ဟုတ်တယ်"

"နှစ်ယောက်တည်းပေါ့နော်. . . အေရာက ဒီတောနဲ့ သိပ်မဝေးဘူး"

"မနီးမဝေးဆိုပါတော့. . ."

"ဒီည သမ္ဗန်ပေါ်မှာပဲ အိပ်ကြမှာလား၊ မစိမ်းပင် တစ် ယောက်တည်း မပြန်ရဲဘူး"

"ဟာ. . . ငါတို့ လိုက်ပို့မှာပေါ့၊ မင်းလည်း ချမ်းလှရော့ မယ်၊ ငါတို့မှာ မိန်းမဝတ်တော့ မပါဘူး၊ ငါ့ပုဆိုးနဲ့အင်္ကျီပဲ ဝတ် ထားပေါ့"

မစိမ်းပင်လည်း မောင်ငယ်ထုတ်ပေးသော ရှပ်အင်္ကျီနှင့် ပုဆိုးကြမ်းကိုသာ ဝတ်ထားရသည်။ သူမ၏အလှကတော့ ထင်ထင်ပေါ်ပေါ်ရှိဆဲဟု မောင်ငယ် တွေးနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မစိမ်းပင်ကို ဘယ်သူလိုက်ပို့မှာလဲ၊ အစ်မကတော့ စိတ်ပူနေတော့မှာပဲ"

မောင်ငယ်နှင့်မောင်ကြိုင်လည်း မီးအိမ်တစ်လုံးနှင့် မစိမ်းပင်ကို လိုက်ပို့ကြသည်။ အမှောင်ထဲ ဖြတ်သန်းသွားနေရသော်လည်း မစိမ်းပင်က လမ်းပြသဖြင့် လမ်းမှာ အနှောင့်အယှက်ကင်းပြီး သွားလမ်းချောမွေ့နေ၏။ တောတိရစ္ဆာန်တို့၏ အသံကို ကြားနေရသော်လည်း ထိပ်တိုက်မတွေ့ဆုံကြပေ။

"ဝူ. . . အူ. . . အူ"

"ဒါ တောခွေးအူသံပဲ၊ မစိမ်းပင် မကြောက်ဘူးလား"

"ကျားသံဆင်သံတွေတောင် ကြားရတယ် အစ်ကိုရဲ့၊ ကြောက်နေလို့ ထမင်းစားရတာမှ မဟုတ်တာ. . . မကြောက်တတ်တော့ပါဘူး၊ တောထဲမှာ ဒီလိုပဲ နေနေကျနေပြီ"

သူတို့ စကားတပြောပြောနှင့် ခြေတညောင်း လျှောက်မိသောအခါ တောအုပ်ထဲမှာ မီးရောင်ကို တွေ့ကြရသည်။

"ဟောဟိုမြင်နေရတဲ့မီးရောင်က မစိမ်းပင်တို့ တဲပါပဲ"

မီးရောင်ဆီ လျှောက်သွားကြရင်း တဖြည်းဖြည်း နီးသွား၏။ မစိမ်းပင်က အော်ပြီးအသံပြုသည်။

"ငြိမ်းခင်ရေ. . . ငြိမ်းခင်"

တဲအတွင်းမှ မီးအုပ်ဆောင်း ကိုင်ပြီး မိန်းကလေးတစ်ယောက် ထွက်လာသည်။





"မစိမ်းပင်. . . နင်ပြန်လာတယ်နော်၊ ငါက နင်သေပြီမှတ်တာ၊ နင်နဲ့ ဘယ်သူတွေ ပါလာတာလဲဟင်"

"ဒါ ငါ့အသက်ကို ကယ်ခဲ့တဲ့ အစ်ကိုတွေပါ၊ အစ်ကို. . . လာ၊ အိမ်ပေါ် တက်ကြပါဦး"

အိမ်ကလေးက ခနိမိုး ထရံကာ ဝါးကြမ်းခင်းဆိုသော်လည်း သပ်သပ်ရပ်ရပ် တောင့်တောင့်တင်းတင်း ရှိ၏။

"ငြိမ်းခင်. . ဒါ ငါ့အသက်ကို ကယ်တဲ့အစ်ကို ကိုမောင်ငယ်၊ သူက အစ်ကို့သူငယ်ချင်း ကိုမောင်ကြိုင်တဲ့၊ ဒါ မစိမ်းပင်ရဲ့ အစ်မ မငြိမ်းခင်ပါ"

မစိမ်းပင်တို့နှစ်ယောက်သည် ရုပ်ချင်း ဆင်သော်လည်း မငြိမ်းခင်၏မေးဖျားတွင် မှဲ့တစ်လုံး ရှိနေ၍ ကွဲပြားသွားရသည်။

"မစိမ်းပင်တို့အဖေကော မတွေ့ပါလား"

"အဖေက ချောင်းဖျားဘက်မှာ သမဲ့သွားခုတ်ပါတယ်၊ ရေလှဲ့မသင့်ရင် ဒီလိုပဲ ညအိပ်နေတတ်ပါတယ် အစ်ကို"

"သမဲ့သားကို ဘာအတွက် ခုတ်တာလဲ မစိမ်းပင်"

"အုန်းနဲ့သားလိုပဲလေ. . . ဆေးရိုးစင်းဖို့ပေါ့၊ ဈေးကောင်းရတယ် အစ်ကိုရဲ့"

"မစိမ်းပင်. . . နင်မဆာသေးဘူးလား၊ ငါတော့ အူလိမ့်နေပြီ"

"အစ်ကိုတို့ကော ထမင်းမစားခဲ့ရသေးဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဟင်"

"ဒုက္ခမရှာပါနဲ့ မစိမ်းပင်၊ ကျွန်တော်တို့ ဒီက ပြန်မှ ချက်စားကြမှာ၊ ဆာလည်း မဆာသေးပါဘူး"

"အို. . . ဒီလိုမလုပ်ပါနဲ့၊ ဒီမှာ ဟင်းတွေ ထမင်းတွေ ပိုပိုလျှံလျှံ ရှိပါတယ်. . . စားသွားကြပါ၊ အဖေကလည်း ဒီည ပြန်လာမှာ မဟုတ်ပါဘူး"

ထိုအခါ မောင်ငယ်က မောင်ကြိုင်ကို လှမ်းကြည့်သည်။ တတ်နိုင်လျှင် ဒီညမပြန်ဘဲ မစိမ်းပင်အနားမှာ နေချင်စိတ်ရှိနေပြီ။ မောင်ကြိုင်က မငြိမ်းခင်ကို လှမ်းကြည့်ရာ မငြိမ်းခင်နှင့် အကြည့်ချင်း ဆုံလေသည်။ မငြိမ်းခင်၏မခို့တရို့အပြုံးကို မြင်ပြီး အသက်ရှူဖို့ မေ့လျော့သွား၏။ မောင်ကြိုင် အညို့ခံရသူ တစ်ယောက်လို ဖြစ်နေသည်။

"ဟေ့ကောင် မောင်ကြိုင်. . . ဘယ်လိုလဲ၊ ငါတို့ ပြန်မှာလား၊ ဒီမှာပဲ စားကြမှာလား"

"မင်းသဘောပဲ မောင်ငယ်၊ အားနာစရာများ ကောင်းနေမလားလို့ပါ"

"အားမနာရပါဘူး ကိုမောင်ကြိုင်ရယ်၊ ငြိမ်းခင်တို့မှာ ထမင်းတွေဟင်းတွေ ပြည့်ပြည့်စုံစုံ ရှိသလို. . . စေတနာလည်း ပြည့်ပြည့်ဝဝ ရှိပါတယ်"

"ကဲပါ. . . အစ်ကိုတို့ မစိမ်းပင်တို့ဆီမှာပဲ စား၊ ဒီည





မပြန်နဲ့တော့၊ ဒီမှာပဲ အိပ်လိုက်ကြပါ"

မစိမ်းပင်တို့ ကျွေးမွေးသောဟင်းက ကောင်းလွန်း၍ သူငယ်ချင်းနှစ်ယောက် အားပါးတရ စားကြသည်။

"ပုစွန်ထုတ်ကြီးတွေကို ချောင်းထဲက ဖမ်းတာပဲလား"

"အင်းပေါ့. . . အုန်းသီးဆံနဲ့ မျှားတာ အစ်ကို၊ ငပိရည်ချိုကတော့ အိမ်က ယူလာတာ၊ လမုသီးကတော့ ပေါသလား မပြောနဲ့၊ စားလို့ကောင်းတယ်မဟုတ်လား"

"ကောင်းတာပေါ့. . . ဒါကြောင့် ဘာဝစားပစ်လိုက်တာ၊ ဗိုက်တောင် လေးနေပြီ မငြိမ်းခင်"

"ဒီမှာပဲ အိပ်လို့ရပါတယ် ကိုမောင်ကြိုင်၊ မငြိမ်းခင်တို့လည်း အဖော်ရတာပေါ့"

"မောင်ငယ်. . . ဘယ်လိုလဲ၊ ဒီမှာပဲ အိပ်လိုက်ကြမလား. . . မပြန်ပါနဲ့တော့ကွာ"

"သူတို့မှာ မိန်းမသားနှစ်ယောက်တည်းကွ၊ တို့အိပ်တော့ အဖော်ရတာပေါ့၊ မဟုတ်ဘူးလား မစိမ်းပင်"

"အိပ်ပါဆိုနေမှ. . . ဘာမှအားနာစရာ မရှိပါဘူး"

တကယ်က သူတို့ အိပ်ဖြစ်ကြသည် မဟုတ်ဘဲ မောင်ငယ်က မစိမ်းပင်နှင့် စကားထိုင်ပြောနေ၏။

"ကျွန်တော် ဘာဖြစ်လို့ မပြန်သလဲဆိုတာ မစိမ်းပင် ရိပ်မိမှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို ရိပ်မိရမှာလဲ ကိုမောင်ငယ်ရဲ့"

"မစိမ်းပင်အပေါ် မြင်မြင်ချင်းပဲ စွဲလမ်းနေပြီဆိုတာ မရိပ်မိဘူးလား"

"အို. . . ဘာတွေလာပြောနေတာလဲ"

"မစိမ်းပင်ကို ချစ်နေမိတာ၊ အနားကကို မခွာချင် ဖြစ်နေပြီ မစိမ်းပင်"

"အမလေး. . ကြောက်စရာကောင်းလိုက်တာနော်"

မစိမ်းပင်အနားသို့ မောင်ငယ် တိုးကပ်လာပြီး ဖက်ထားသည်။

"ကြောက်စရာ မကောင်းပါဘူး. . . ချစ်စရာကောင်းတာပါ"

"မလုပ်ပါနဲ့. . . လွှတ်ပါ၊ အစ်မတို့ တွေ့သွားလိမ့်မယ်"

"မငြိမ်းခင်နဲ့ မောင်ကြိုင် အပြင်ထွက်သွားကြတာ ကြာလှပေါ့၊ မရှုန်းပါနဲ့တော့ မစိမ်းပင်ရယ်"

ထိုအခိုက် ရေနံဆီမီးခွက်ကို တိုက်ခိုက်မိပြီး မီးငြိမ်းသွားရာ တဲအတွင်း မှောင်မိုက်သွားလေတော့၏။

မောင်ငယ်နိုးလာတော့ တဲအမိုးပေါ်က တိုးဝင်နေသည့် နေရောင်ခြည်တွေကို တွေ့ရလေသည်။ ညက သူ့နံဘေးမှာ အိပ်နေသည့် မစိမ်းပင်ကို ရှာရာ မတွေ့ရဘဲ ပျောက်ဆုံးနေ၏။ မစိမ်းပင်ကို ပေးဝတ်ထားသည့် သူ၏ရှပ်အင်္ကျီနှင့် ပုဆိုးကိုတော့





တွေ့ရသည်။

"မစိမ်းပင်. . . မစိမ်းပင်"

အော်ခေါ်ရှာဖွေရင်းမှာပင် အံ့ဩစရာကောင်းတာတွေကို မောင်ငယ် တွေ့လိုက်ရသည်။ တဲတစ်ခုလုံး ဟောင်းနွမ်းဆွေးမြည့်နေပြီး ပင့်ကူမျှင်တွေက တိုးလို့တွဲလောင်း ဖြစ်နေ၏။ တဲအတွင်းမှာ စားပွဲ၊ အိုးခွက်ပန်းကန်များ မတွေ့ရဘဲ ပျောက်ဆုံးနေသည်။ မောင်ငယ်အတွေးထဲမှာ လူတွေ မနေတာ ကြာနေသည့် တဲတစ်ခုဖြစ်သည်ဟု သိနေလေ၏။ တဲထဲက မောင်ငယ်ထွက်လိုက်သည်။

ကမ်းစပ် လမုပင်အောက်မှာ လဲကျနေပြီး မလှုပ်မယှက်ရှိနေသည့် မောင်ကြိုင်ကို တွေ့သည်။

"မောင်ကြိုင်. . . ဟေ့ကောင်"

မောင်ငယ် အော်ဟစ်ပြေးသွားသည်။ မေ့မျောနေသော မောင်ကြိုင်ကို ကိုင်လှုပ်ပြီးနှိုးလေ၏။

"မောင်ကြိုင်. . . မောင်ကြိုင်"

မောင်ကြိုင်၏မျက်လုံးများ ပွင့်လာသည်။ မျက်လုံးတွေက အထိတ်တလန့် ပြူးကျယ်လွန်းနေ၏။

"ဘယ်ရောက်သွားပြီလဲ. . . ဘယ်ရောက်သွားပြီလဲ"

"ဘာလဲ မောင်ကြိုင်. . . ဘာလဲကွ"

"ဟို. . . ညက မကောင်းဆိုးဝါးမ မငြိမ်းခင်[illegible]ယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပြီလဲ မောင်ငယ်”

“မသိဘူးလေကွာ. . . မစိမ်းပင်လည်း ပျောက်နေတယ်”

“သူတို့ လူမဟုတ်ဘူးကွ၊ မကောင်းဆိုးဝါးတွေ. . . လူယောင်ဆောင်ထားတဲ့ကြွက်တွေ”

“ဘာ. . . ကြွက်တွေ. . . ဟုတ်လား”

၌. ၌. ၌. ၌

တိုးတိုးပြောပြသော ဦးမောင်ငယ်တို့အကြောင်းကို နားထောင်ပြီး မမိုးစွေ ရင်တွေ တုန်နေလေသည်။ သို့သော် သိလိုစိတ်ကလည်း ပျောက်ကွယ်၍မသွားသေး။

“တိုးတိုး. . . သူတို့ ဘာဖြစ်သွားကြသလဲ”

“ဘယ်သူလဲ. . . ဦးမောင်ငယ်တို့လား”

“အင်းပေါ့. . . သူတို့နှစ်ယောက် မစိမ်းပင်တို့နဲ့ မတွေ့





ကြတော့ဘူးလား”

“မတွေ့တော့ဘူး. . . မတွေ့ရလို့ အဲဒီစိတ်နဲ့ ဦးမောင်ငယ်က ရူးသွားတယ်တဲ့”

“ဟိုတစ်ယောက်ကရော. . .”

“ဦးမောင်ကြိုင်က ဝေလီဝေလင်းမှာ အိပ်ရာက နိုးလာတော့ သူ့ဘေးမှာ အိပ်နေတဲ့ မငြိမ်းခင်ကို နှိုးသတဲ့၊ သူ့ဘေးက မငြိမ်းခင်ဟာ ညတုန်းကလို လှလှပပ မဟုတ်တော့ဘဲ ပုတ်ပွနေတဲ့ အလောင်းကောင်ကြီး ဖြစ်နေသတဲ့၊ အဲသက်ရှူမရအောင် ပုတ်ဟောင်တဲ့အနံ့ဆိုးတွေလည်း နံနေတယ်တဲ့၊ သူလည်း အကြောက်လွန်ပြီး မေ့မျောသွားတာ၊ ဦးမောင်ငယ် လာနှိုးမှ ပြန်သတိရလာတာ”

“ဒါဆို ဦးမောင်ကြိုင်က ဘာမှမဖြစ်ဘူးပေါ့ ဟုတ်လား”

“သူဘာမှမဖြစ်လို့ ဒီဇာတ်လမ်းကို ပြန်ပြောပြနိုင်တာပေါ့ မမရဲ့၊ ကြောက်စရာကောင်းတယ်နော်”

“အို. . . ငါက တောထဲ သွားပြီး သစ်ခုတ်မှာမှ မဟုတ်တာ၊ တောထဲက သရဲတစ္ဆေပဲဖြစ်ဖြစ် ကြွက်ပဲဖြစ်ဖြစ် ကြောက်စရာမလိုပါဘူး တိုးတိုးရယ်”




www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၄)

ကဆုန်လပြည့်ကျော် မုတ်သုန်ဝင်စ အချိန်ကာလ ဖြစ်ပါသည်။ ကောင်းကင်တစ်ခုလုံး မိုးသားတိမ်တိုက်တွေ မည်းမှောင် မှိုင်းညို့လို့နေသည်။ တရိပ်ရိပ် တလိပ်လိပ် တက်လာနေသော မိုးတိမ်မည်းတွေက ပတ်ဝန်းကျင်ကို ဝါးမြိုဖုံးအုပ်တော့မလို ရှိ၏။

ဘိုကလေးမြစ်ထဲမှာလည်း မြူသားမိုးမှုန်တွေ ဆိုင်းပြီး မှိုင်းဝေနေသည်။ မြစ်ရေဘက်ကို ဆန်ပြီး ခုတ်မောင်းနေသော



www.burmeseclassic.com

www.burmeseclassic.com



ပေငါးဆယ်ကျော် တစ်ထပ်မော်တော် "အမရာ. . ." သည် တလိမ့်လိမ့် သွားနေပြီ။ မော်တော်ပေါ်မှာ ကဒုံကနီနှင့် အေရာသို့ ပို့မည့် မြို့ကုန်တွေ ပါလာသည်။ ခရီးသွားအများစုက ကုန်ရောင်းကုန်ဝယ်နှင့် ပါလာကြသူတွေ ဖြစ်ကြသည်။

မမိုးစွေကတော့ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသော ဒေသသို့ သွားနေရသူမို့ မော်တော်စက်သံလို ရင်ခုန်သံ တဒုတ်ဒုတ် မြည်နေသည်။ ဟိုတွေးသည်ငေးနှင့် လိုက်ပါလာရင်း လေက အရှိန်ပြင်းလာ၏။ အမရာ မော်တော်လည်း လှိုင်းထဲမှာ တလူးလူး တလိမ့်လိမ့် ဖြစ်သွားပါသည်။

လေထဲမှာ မိုးငွေ့ပါလာသည်ကို မမိုးစွေ သတိထားမိသွား၏။ တခဏမှာပင် လေပြင်းနှင့်အတူ မိုးစက်မိုးပေါက်တွေ ပါလာသည်။ ပတ်ဝန်းကျင်ရှုခင်းတွေ မှုန်ဝါးဝါး ဖြစ်နေပြီ။ မော်တော်ထဲသို့ မိုးစက်မိုးပေါက်တွေ ဝင်လာပါသည်။ မော်တော်လည်း ကမ်းနံဘေးသို့ ကပ်ပြီးရပ်သွားလေ၏။

ကမ်းအကွေ့ လေကွယ်မှာ ရပ်ထားသော်လည်း လှိုင်းထဲမှာ မော်တော်က ခုန်ပေါက်နေသည်။ မမိုးစွေလည်း အကြောက်လွန်ပြီး သံဗုဒ္ဓေကို ဖြောင့်ဖြောင့်ရွတ်ဆိုမရအောင် ရှိ၏။ အတော်ကြာမှ လေအတိုက်လျော့သွားပါသည်။ မော်တော်လည်း ငြိမ်စပြုသည်။ မိုးက မစဲသေး၊ သည်းသည်းမည်းမည်း ရွာနေဆဲ။ မော်တော်ပေါ်က ကုန်သည်မိန်းမတစ်သိုက်ကဝေ. . .





အပူအပင်ကင်းစွာ စကားဝိုင်းဖွဲ့ကောင်းနေ၏။ သူတို့ကို ကြည့်ပြီး မမိုးစွေ အကြောက်ပြေရသည်။ သူတို့စကားတွေကို မမိုးစွေ ကြားနေရ၏။

"ငြိမ်းငြိမ်း. . . တစ်ခေါက်တလေများ ငါတို့နဲ့ အေရာကို လိုက်လည်စမ်းပါ. . ."

"ကဒုံရောက်တာနဲ့ စာရင်းလုပ်ရ ငွေတောင်းရနဲ့ အားရတယ် မရှိပါဘူး မဦးရယ်"

"ဒီလောက်ဆို မဦးတို့က သိပါပြီနော်၊ ငြိမ်းငြိမ်းရဲ့ သံယောဇဉ်က ကဒုံမှာ ရှိနေပြီမဟုတ်လား"

"မဟုတ်တာ မဦးရယ်. . . ငြိမ်းငြိမ်းကို ကြိုက်မယ့်သူ ရှိမတဲ့လား. . . ငြိမ်းငြိမ်းကလည်း တော်ရုံယောကျ်ားတော့ မစဉ်းစားဘူး"

"ဒါဆို အေရာကို ခေါ်တိုင်း ဘာဖြစ်လို့ ဝေ့လည်ကြောင်ပတ် လုပ်နေရတာလဲ"

"သရဲအခြောက်ခံရမှာ ကြောက်လို့ မဦးရေ. . . သိပလား၊ ခုတလော မသူဇာတို့မောင်နှမ ခြောက်လိုက်တာ လွန်ရောဆို. . . မဦးတို့ မကြောက်ဘူးလား"

"အို. . . သရဲတစ္ဆေများ အရေးလုပ်ပြီး ကြောက်မနေအားပါဘူး၊ စီးပွားရှာတဲ့နေရာမှာ သရဲကြောက်နေလို့ အလုပ်မဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဦးတို့ အခြောက်မခံရဘူးလား"

"မဦးက အခြောက်မခံရဖူးပါဘူး. . . မဦးတို့အဖွဲ့ထဲက မာလာတင်တော့ အခြောက်ခံရဖူးတယ်"

"မာလာတင်ကို သိတာပေါ့. . . တတိယလမ်းကလေ၊ ဖြူဖြူသွယ်သွယ်လေး မဟုတ်လား"

"ဟုတ်တယ်. . . သူ့ကို နာမည်ကြီးမသူဇာ ခြောက်လိုက်တာ အကြောက်လွန်ပြီး ရူးသလို ဖြစ်သွားတယ်လေ"

"အခုကော. . ."

"ဘိုကလေးမှာ ဆေးဆရာတွေနဲ့ပြ. . . ပုတီးစိပ် တရားထိုင် လုပ်ပြီး ကောင်းသွားပါပြီ. . . ဒါပေမယ့် အေရာကို မလိုက်တော့ဘူး"

"သူ ဘယ်လိုအခြောက်ခံရတာလဲ၊ မဦးသိရင် ပြောပြစမ်းပါ"

"အခြောက်ခံရတာက မာလာတင်ပဲ. . . မဦးမှ မဟုတ်တာ၊ ဘယ်လိုလုပ် သိမှာလဲ. . . ဟိုမိန်းမကလည်း ဘယ်လောက်ကြောက်သွားသလဲဆို ဘာကိုမှ မေးလို့မရတော့ဘူး၊ သူက တစ်ခုတော့ ပြောတယ်"

"ဘာလဲဟင်. . . ဘာပြောလဲ"

"မမေးပါနဲ့တဲ့. . . ပြန်ပြောပြတာကို နားထောင်ရင် လိပ်ပြာလွင့်သွားလိမ့်မယ်တဲ့"





ကြားလိုက်ရသော မမိုးစွေပင် ဆံပင်တွေ ထောင်ထသွားသလား ထင်ရသည်။ ကြောက်စိတ်တွေ ပြည့်နေပြီ. . .။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၅)

မှုန်း လွဲချိန်မှာ အေရာရှာသို့ ကပ်ရမည့် မော်တော်က အချိန်နောက်ကျပြီး ညနေစောင်းမှ ရောက်သွား၏။ မမိုးစွေလည်း မေးရင်းမြန်းရင်းနှင့် ဘကြီးဖြစ်သူ ဦးဘသင် အိမ်သို့ ရှာတွေ့ခဲ့သည်။

“ဘကြီး. . ဘကြီး”

“ဟဲ့. . ဘယ်သူလဲ အိမ်ရှေ့က . .”

“မိုးစွေပါ. . ဘိုကလေးက ဦးဘရှင်ရဲ့သမီး မိုးစွေပါ”

“မိုးစွေ ဟုတ်လား၊ အိမ်ထဲ ဝင်ခဲ့လေ”

အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေးက တစ်ထပ်ပျဉ်ကာ ခနိမိုးထားသည်။ မြေပြင်မှ လေးပေလောက် မြှင့်ထားသဖြင့် လှေခါးထစ်များကို နင်းတက်သွားရ၏။ ပျဉ်ခင်းကြမ်းပြင်ပေါ်တွင် ကြီးတော်ဖြစ်သူကို မမိုးစွေ တွေ့ရပါသည်။

"ညည်းက စောမြသမီးလို့ မပြောရဘူး. . . စောမြလို ချောတာပဲ. . . ငါက နင့်ကြီးမေပဲ"

"ဘကြီးကော. . . ကြီးမေ"

"နင့်ဘကြီး ပင်လယ်ထွက်သွားတယ်. . . ငါတို့ဆီ အလည်လာတာပဲလား"

"အလည်လာတာ မဟုတ်ဘူး ကြီးမေ၊ အေရာမှာ မိုးစွေ အလုပ်လာလုပ်တာ. . ."

"ဘာအလုပ်လဲ"

"ကျောင်းဆရာမပါ. . . တွဲဖက်အလယ်တန်းကျောင်းမှာ"

"ဒါဆို ဒီအိမ်မှာပဲ ကြီးမေတို့နဲ့ နေပေါ့၊ နေရေးစားရေး ဘာမှပူစရာမလိုဘူး"

"မိုးစွေကလည်း ကြီးမေတို့နဲ့ပဲ နေမှာ"

ကြီးတော်ဖြစ်သူ ဒေါ်သန်းမေ မေးသမျှမေးခွန်းတွေကို မမိုးစွေ ဖြေရင်း မှောင်စပျိုးစအချိန်မှာ ထမင်းအတူစားကြသည်။

နေဝင်မိုးချုပ်စမှာ တူဝရီးနှစ်ယောက် ထမင်းစားပြီး





သွားသော် အိမ်အပြင်ဘက်မှာ အမှောင်ထုကို အန်တုနေသော မီးအလင်းရောင်တွေကို မမိုးစွေ တွေ့လိုက်ရသည်။

"ကြီးမေ. . . ရွာမှာ လျှပ်စစ်မီး ရသလား"

"မရပါဘူး. . . ကိုအင်းပိန် ငါးရုံက မီးစက်မောင်းပြီး ပေးထားတာ"

"အိမ်တွေတော့ မရဘူးပေါ့နော်"

"အိမ်တွေတော့ မရပါဘူး၊ လမ်းမီးတောင် လင်းတာ ဘာကြာသေးလို့လဲ. . . အဲဒီမီးအတွက် မောင်မင်းကြီးသားကို ကျေးဇူးတင်နေရတယ်၊ မဟုတ်ရင် ညဘက် ဘယ်သူမှ အပြင် ထွက်ရဲမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ ကြီးမေ"

မေးခွန်းကို မေးသာမေးလိုက်ရသည်။ မမိုးစွေ ကျော မလုံမလဲဖြစ်ပြီး နောက်သို့ လှည့်ကြည့်မိ၏။ စီစီ. . စီစီနှင့် ဖလတက် အော်သံကိုသာ ကြားနေရသည်။

"ဘာဖြစ်ရမလဲ. . ညထွက်တဲ့လူတွေ အခြောက်ခံရလို့ တစ်ရွာလုံး ချောက်ချောက်ခြားခြား ဖြစ်နေတာ၊ မီးတိုင်တွေ လင်းတော့မှ သွားဝံ့လာဝံ့ကြတာ"

"သရဲခြောက်တာလား ကြီးမေ"

အိမ်ထဲမှာ ထွန်းထားသော ရေနံမီးအိမ်က အလင်းအားနည်းလွန်းပါသည်။ အမှောင်ထုကို မထိုးဖောက်နိုင်သ



www.burmeseclassic.com

www.burmeseclassic.com



မှုန်မှုန်ပျပျသာ ရှိ၏။ ဘာမှန်းမသိသော်လည်း ကြောက်စိတ်က မမိုးစွေ ရင်ထဲမှာ ရွရွထလာသည်။

"သရဲလား တစ္ဆေလား မသိပါဘူး. . . ညဘက်အပြင်ထွက်တဲ့လူတွေကို အမျိုးမျိုး ခြောက်နေတော့တာပဲ"

"ကြီးမေကော အခြောက်ခံရဖူးလားဟင်"

ကြမ်းကြားမှ တိုးဝင်လာသောလေကြောင့် မမိုးစွေ စိမ့်တက်သွားရသည်။ ထိုင်နေသည့်နေရာမှ နေရာရွှေ့ပြီး ကြီးမေအနားသို့ တိုးကပ်လိုက်မိ၏။ ကြမ်းအောက်မှာ ဘာရှိမလဲဟု တွေးမိသောအခါ အကြောက်ပိုလာသည်။

"ငါတော့ အခြောက်မခံရဖူးပါဘူး. . . ကြီးမေက ညဘက် အပြင်ထွက်တာမှ မဟုတ်တာ. . . တလောက မလုံးယောကျ်ား သောင်းထွေး အခြောက်ခံရတာ ကြီးမေကို မလုံးပြန်ပြောပြတာက"

ကြီးတော်ဒေါ်သန်းမေ ပြန်ပြောသမျှကို မမိုးစွေ ကြောက်ကြောက်နှင့်ပင် နားထောင်နေမိသည်။

လမိုက်ရက်မို့ ကောင်းကင်မှာ မှိတ်တုတ်ကြယ်လေးတွေသာ လင်းလက်လို့နေ၏။ အေရာတစ်ရွာလုံး အမှောင်ကဖုံးအုပ်ထားပါသည်။ အိမ်တစ်ချို့အတွင်းမှ မီးအိမ်တို့၏အလင်းရောင်ကလည်း သောင်းထွေး သွားနေသော ရွာလမ်းပေါ်သို့ နည်းနည်းလေးမှ ရောက်လာခြင်းမရှိ၊ လမ်းက ခလုတ်ကန်သင်း





ကင်းသည့် သဲလမ်းမို့ ဖိနပ်သံ တဖြတ်ဖြတ်ကို ကြားနေရ၏။

ငါးရုံမှ သူဌေးပေးလိုက်သော ဟင်းစားငါးတွဲကလည်း ဆွဲရင်းဆွဲရင်း လေးလံလာပါသည်။ ဘာမှန်းမသိဘဲ သောင်းထွေးစိတ်ထဲမှာ မလုံမခြုံ ဖြစ်လာပြီး ခြေလှမ်းကို သွက်သွက်လှမ်းလိုက်မိသည်။ နောက်ဘက်မှ ခြေသံကို သောင်းထွေး ကြားလိုက်ရသလို ရှိ၏။ သူ့ခြေလှမ်းတွေကို သောင်းထွေး ရပ်ပစ်လိုက်သည်။ နောက်မှ လိုက်လာသောခြေသံလည်း ပျောက်သွားပြီး မကြားရတော့ပေ။

"ဝူး . . အူး . . အူး . . ဝူး"

ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံက သောင်းထွေးကြောက်စိတ်ကို ကြီးလာစေသည်။ တစ်ကိုယ်လုံး တဖျဉ်းဖျဉ်းဖြစ်လာနေ၏။ သောင်းထွေးခြေလှမ်းတွေကို သွက်သွက်လှမ်းလိုက်သည်။ နောက်ဘက် ခြေသံကလည်း သွက်သွက်လိုက်ပါလာသည်။

"အစ်ကို. . ."

မိန်းကလေးတစ်ယောက်၏အသံကို သောင်းထွေး နောက်ဘက်မှ ကြားလိုက်ရခြင်းဖြစ်၏။ နောက်ဘက်သို့ သောင်းထွေး လှည့်ကြည့်လိုက်ပါသည်။ ဆံပင်ရှည်တွေ ဖားလျားချထားသော မိန်းကလေးတစ်ယောက်ကို မှုန်ဝါးဝါး မြင်လိုက်ရ၏။ မျက်နှာပေါ်မှာ အမှောင်ရိပ် ကျနေ၍ ချောသလား လှသလား



www.burmeseclassic.com

www.burmeseclassic.com



သောင်းထွေး မခွဲခြားနိုင်ရှိသည်။

"ဘာလုပ်မလို့လဲ"

"ဟင်းစားနည်းနည်းလောက် ပေးခဲ့ပါ"

"နေပါဦး. . ညကြီးမိုးချုပ် နင်ဘယ်ကလာပြီး ဘယ်ကို သွားမလို့လဲ"

"ကျွန်မမှာ အဖော်ပါ,ပါတယ်၊ ကျွန်မတို့ကို ဟင်းစား နည်းနည်းပေးခဲ့ပါ"

"ဘယ်မှာလဲ နင့်အဖော်. . . "

ထိုအခိုက်မှာ သောင်းထွေးနှာခေါင်းထဲသို့ အနံ့ဆိုးတွေ ဝင်လာသည်။ လေ့ထဲမှာ ငါးတွေ ဆားမထိ၍ ပုတ်နေသလို အနံ့မျိုး။ ပုတ်အဲ့အဲ့အနံ့တွေ ပိုဆိုးဆိုးဝါးဝါးဖြစ်လာ၏။ မိန်းက လေးက သူ့လက်တစ်ဖက်မှာ ဆွဲထားသောအလုံးကြီးကို မြှောက်ပြလိုက်သည်။ အသေအချာ မမြင်ရသဖြင့် သောင်းထွေး အနီးသို့ ကပ်ပြီးကြည့်လိုက်၏။ ဆံပင်တွေကို ဆွဲကိုင်ထားသဖြင့် မျက်လုံးနှစ်လုံး ပြူးထွက်နေသည့် လူတစ်ယောက်၏ဦးခေါင်း တစ်လုံးကို တွေ့လိုက်ရသည်။

"အမလေး. . . ခေါင်းပြတ်ကြီး. . . လာကြပါဦး. . လာကြပါဦး. . ခေါင်းပြတ်ကြီး. . "

သောင်းထွေး အသံကုန် အော်ဟစ်ပြီး ပြေးတော့သည်။

ကြီးမေပြန်ပြောသည်ကို နားထောင်ရသည်နှင့်ပင်





နေစရာ မရှိအောင် မမိုးစွေ ကြောက်လန့်နေရပြီ။ သို့သော် သိချင်စိတ်ကလည်း ရှိနေဆဲ. . . ။

"အဲဒီလူကြီး ဘာဖြစ်သွားသေးလဲ ကြီးမေ"

"သူ့အိမ်ပြန်ရောက်ပြီး တစ်ညလုံး ခေါင်းပြတ်ကြီး. . . ခေါင်းပြတ်ကြီးလို့ အော်နေတော့တာပေါ့"

"မိုးစွေသာဆိုရင် သူ့လို အော်နိုင်မှာတောင် မဟုတ် ဘူး၊ နေရာတင် လဲသေသွားမှာပဲ ထင်တယ်၊ အဲဒီလူကြီး မသေ ဘူးနော်"

"နားလည်တတ်ကျွမ်းတဲ့ဆရာကို ပင့်ပြီးကုလိုက်တော့ အကောင်းပကတိ ပြန်ဖြစ်သွားတာပါပဲ. . . သူဘယ်လို အ ခြောက်ခံခဲ့ရတယ်ဆိုတာကို သူ့မိန်းမ မလုံးက တစ်ရွာလုံး လိုက် ပြောတော့ မှောင်တာနဲ့ ဘယ်သူမှ ညမထွက်ရဲတော့ဘူး"

ထိုညက ကြီးမေနှင့် တစ်ခြင်ထောင်ထဲ ဝင်အိပ်ပါသော် လည်း မမိုးစွေ အကြောက်လွန်ပြီး အိပ်မရ ဖြစ်နေသည်။

"မိုးစွေ. . တလှုပ်လှုပ်နဲ့ ဘာဖြစ်နေတာလဲ၊ ခုထိ မအိပ် သေးဘူးလား"

"အိပ်မပျော်လို့ပါ ကြီးမေရယ်"

"အိပ်ပျော်အောင် အိပ်လိုက်လေ. . . မနက်ကျ သွားရ လာရဦးမှာ မဟုတ်လား"

အဝေးဆီမှ ခွေးအူသံတွေကို မမိုးစွေ ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွေးအူသံတွေက တဖြည်းဖြည်း နီး၍လာနေပြီ။

"ဝူ. . အူ. . အူ. . အူ"

"ကြီးမေ. . . ခွေးတွေ ဘာဖြစ်လို့ အူနေတာလဲဟင်. . ကြောက်စရာကြီး"

"မကောင်းဆိုးဝါး တွေ့လို့ဖြစ်မှာပေါ့ ကလေးရဲ့. . . ခွေးတွေက အဲဒါမျိုးကို မြင်နိုင်ကြတယ်"

"အူသံတွေက မိုးစွေတို့အိမ်ဘက် ရောက်လာသလိုပဲ ကြီးမေ. . . မိုးစွေကြောက်တယ်"

ပြောလည်းပြော. . . ကြီးမေကိုလည်း တင်းတင်းဖက်ထားလိုက်သည်။

"မကြောက်ပါနဲ့. . . မကောင်းဆိုးဝါးတွေ ကြီးမေတို့ခြံထဲ ဝင်လာလို့ မရဘူး"

"ဘာဖြစ်လို့လဲဟင်. . . "

"ကြီးမေတို့ ခြံစည်းရိုးပတ်ပတ်လည်မှာ ပရိတ်ကြိုးတွေနဲ့ ပတ်ထားတယ်. . . ဘယ်လိုမကောင်းဆိုးဝါးမှ မဝင်ရဲဘူး. . . စိတ်ချသာအိပ်"

ထို့နောက်တွင် မမိုးစွေလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့လေ၏။







အခန်း(၆)

ကြီးတော်အိမ်မှ မမိုးစွေ ထွက်လာသောအခါ နံနက်ရှစ်နာရီကျော်နေပြီ။ ကြီးမေက စိတ်မချစွာနှင့် အိမ်ထဲက လှမ်းအော်ပြောသည်။

"မိုးစွေ. . . ကြီးမေပြောတဲ့အတိုင်းသာသွား၊ အောက်ထပ်က ကုန်စုံဆိုင်နဲ့ နှစ်ထပ်အိမ်ကြီးဟာ ဦးမောင်မောင်တို့အိမ်ပဲ"

ကြီးတော် ဒေါ်သန်းမေ ပြောလိုက်သည့်အတိုင်း ရွာလယ်လမ်းအတိုင်း မမိုးစွေ လျှောက်လာရာ နှစ်ထပ်အိမ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်နေရပြီ။ အိမ်ကြီးကို လှမ်းငေးရင်း လျှောက်နေစဉ် ဦးမောင်မောင်နှင့် မိုးစွေ မျက်နှာချင်းဆိုင် တွေ့သည်။

"ဆရာမလေး ဦးလေးဆီ လာတာလား၊ မနေ့က မော်တော်နဲ့ ပါလာတာ ထင်တယ်"

"ဟုတ်ကဲ့. . . မနေ့က မော်တော်နောက်ကျနေလို့ ဒီမနက်မှ လာဖြစ်တာပါ"

"ရပါတယ်. . . သွား. . . သွား၊ ဦးလေးအိမ်ကနေ ခဏစောင့်ဦးနော်. . . အိမ်ကို သိတယ်နော်"

"ဟို. . . နှစ်ထပ်အိမ်ကြီးမဟုတ်လား"

"ဟုတ်တယ်. . . ဧည့်ခန်းထဲ ဝင်စောင့်နေနော်. . . ဘာမှအားနာစရာ မရှိဘူး"

ဦးမောင်မောင်လည်း မမိုးစွေကို ထားရစ်ပြီး သုတ်သုတ် သုတ်သုတ်နှင့် ထွက်သွားသည်။

မမိုးစွေ ကုန်စုံဆိုင်၏အတွင်းဘက်ရှိ ဧည့်ခန်းထဲ ဝင်သွားသောအခါ ဧည့်ခန်းထဲတွင် ဧည့်သည်အမျိုးသမီး တစ်ယောက်ရှိနေသည်ကို တွေ့ရ၏။

ထိုအမျိုးသမီးက မနေ့က မော်တော်ပေါ်တွင် တွေ့ခဲ့ရသော မဦးဆိုသည့်သူ ဖြစ်သည်ကို မမိုးစွေ မှတ်မှတ်ရရ ရှိသည်။ မဦးကလည်း မမိုးစွေကို မှတ်မိနေပါသည်။

"မနေ့က အမရာနဲ့ ပါလာတဲ့ ညီမလေး မဟုတ်လား"





"ဟုတ်ပါတယ်. . . မမတို့နဲ့ အတူတူပဲလေ. . . မိုးစွေက ဒီရွာမှာ ကျောင်းဆရာမ လာလုပ်တာပါ"

"ဒါကြောင့် ဦးလေးမောင်ဆီ လာတာကိုး၊ ဦးလေးမောင် စောစောကပဲ အပြင်ထွက်သွားတယ်. . . မတွေ့လိုက်ဘူးလား"

"ဟုတ်ကဲ့. . တွေ့တယ် ဒီအိမ်ကပဲ စောင့်နေဆိုလို့ပါ"

"ညီမလေးက တွဲဖက်ကျောင်းအတွက်လား"

"ဟုတ်ကဲ့. . . တွဲဖက်အလယ်တန်းကျောင်းအတွက်ပါ"

"ဒီရွာကို ခုမှ ရောက်ဖူးပုံပဲ"

"ရွာကို ခုမှ ရောက်ဖူးပေမယ့် ရွာမှာ ဘကြီးတို့ လင်မယားတော့ ရှိပါတယ်. . . အဖေ့အစ်ကိုပေါ့"

"ကျောင်းကို ရောက်ပြီးပြီလား"

"ဟင့်အင်း. . မရောက်သေးဘူး"

"ကျောင်းက နှစ်ဆောင်ပြိုင် ရှေးပုံစံအဆောက်အဦပဲ၊ ရွာလယ်မှာ. . ."

မဦးက ပြောလက်စ စကားကို ဖြတ်ထားလိုက်ပြီး ကုန်စုံဆိုင်ထဲသို့ လှမ်းကြည့်လိုက်သည်။ ကုန်စုံဆိုင်ထဲတွင် ဝယ်သူကျနေ၍ အိမ်ရှိ လူကုန်ထွက်ပြီး ကုန်ချိန်သူချိန်၊ ထုပ်ပိုးသူထုပ်ပိုး၊ ငွေအမ်းသူအမ်းနှင့် အလုပ်ရှုပ်နေကြသည်ကို တွေ့ရ၏။ မဦးက



www.burmeseclassic.com

www.burmeseclassic.com



မူလနေရာက ထပြီး မမိုးစွေ နံဘေးခုံမှာ လာပြောင်းထိုင်လိုက်သည်။ လေသံကိုလည်း နှစ်ကိုယ်ကြား တိုးတိုးညင်းညင်းလေး ပြောလေ၏။

“ညီမလေး ဆရာမ လုပ်မယ့် တွဲဖက်ကျောင်းကြီးက အစက သိပ်သရဲခြောက်တာ”

မမိုးစွေ အံ့သြသွားရသည်။ ကြောက်စိတ်လည်း ရင်ထဲမှာ အလိုလို ရောက်လာသည်။

“သရဲခြောက်တယ် ဟုတ်လား”

“အရင်ကပေါ့. . အဲဒီအဆောက်အဦကို ရေလုပ်သား အစည်းအရုံး လုပ်ဖို့ ပိုင်ရှင်လက်ထဲက ဝယ်လိုက်ပြီး ရုံးခန်းလုပ်ထားတာပေါ့နော်၊ အဲဒီမှာတင် သရဲခြောက်တယ်ဆိုပြီး နာမည်ကြီးတော့တာပဲ”

“ကျောင်းမလုပ်ခင်ကဆိုတော့ အဲဒါ ဘယ်လောက်ကြာပြီလဲဟင်”

“ကြာပြီပဲ. . . မမ ဘိုကလေး မပြောင်းခင်ကဆိုတော့ ခြောက်နှစ် ခုနစ်နှစ်လောက် ရှိပြီပေါ့”

“ဘယ်လိုခြောက်တာလဲ”

“နည်းမျိုးစုံနဲ့ကို ခြောက်တာတဲ့. . . အဲဒီရုံးခန်းထဲမှာ ရှိနေတဲ့သူ အတော်များများကို အခြောက်ခံရဖူးတာ”

“အခြောက်ခံရတဲ့သူတွေက မကြောက်ကြဘူးလား”





“ရေလုပ်သားရုံးဆိုတော့ ပင်လယ်ထွက်နေကြတဲ့ ရေလုပ်သားတွေပဲ ရှိတာကိုး. . . တော်ရုံလူက မကြောက်ကြဘူးလေ၊ နေ့ခင်းဘက်ကြီးဆိုတော့လည်း သရဲက ကြောက်အောင် မခြောက်နိုင်တာ ဖြစ်မှာပေါ့”

“မိုးစွေသာဆိုရင် နေ့ခင်းဘက်လည်း အခြောက်မခံနိုင်ပါဘူး”

မမိုးစွေက တွေးပြီး ကြောက်နေစဉ် မဦးက နှစ်ဆောင်ပြိုင်အိမ်ကြီးအကြောင်း ဆက်၍ပြောပြနေသည်။

“နောက်ပိုင်း အဲဒီနှစ်ဆောင်ပြိုင်အိမ်ကြီးမှာ ညစောင့် လင်မယားနှစ်ယောက် ရောက်လာတယ်၊ သိပ်မကြာဘူး. . . လင်မယားနှစ်ယောက်လုံး ထူးထူးဆန်းဆန်း သေဆုံးသွားကြလို့ အဲဒီအိမ်ကြီးကို ပိတ်ထားလိုက်တော့တာပဲ. . . ”

“သူတို့ ဘယ်လိုသေသွားလို့လဲ”

“ဘယ်သူမှ သေသေချာချာ မသိကြဘူး. . . အမျိုးမျိုးတော့ ပြောနေကြတာပေါ့၊ ဘာပဲဖြစ်ဖြစ် သူတို့လင်မယားဟာ သရဲပယောဂကြောင့် သေသွားကြတာတော့ အသေအချာပဲ”

“နောက်ပိုင်း ကျောင်းဖြစ်လာတာပေါ့နော်”

“ဟုတ်တယ်. . ရေလုပ်သားတွေက ရွာကို လှူလိုက်တယ်၊ တွဲဖက်ကျောင်း ဖွင့်ခွင့်ရတော့ လူကြီးတွေက ပရိတ်ရွတ်ဘာတွေ ရွတ်ဖတ်သရဇ္ဈာယ်ပြီး ကျောင်းလုပ်လိုက်တာ. . ”



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းဖြစ်သွားတော့ ကျောင်းသားတွေကို ခြောက်သေးလား"

"မမလည်း ဘိုကလေး ရောက်သွားတယ်လေ၊ ဘာမှ မကြားရတာတော့ ကြာပါပြီ၊ မနှစ်ကဆို ရန်ကုန်က ဆရာတစ်ယောက် အဲဒီကျောင်းမှာပဲ ညအိပ်တာ"

"တစ်ယောက်တည်းလားဟင်"

"တစ်ယောက်တည်း အိပ်တယ် ပြောတာပဲ၊ နေပါဦး. . သူ့နာမည်က ခပ်ဆန်းဆန်းပါ"

မဦးက ပြောမည့်နာမည်ကို စဉ်းစားနေပါသည်။ မမိုးစွေကလည်း ဘာကြောင့်မှန်းမသိ. . . ထိုဆရာကို စိတ်ဝင်စားသွားပြီး နာမည်ကို သိလိုစိတ်နှင့် စောင့်စားနားထောင်နေလိုက်၏။

"စောင်နေကြရတာ ကြာသွားပြီနဲ့တူတယ်"

ဦးမောင်မောင်၏အသံကို ကြားလိုက်ကြရခြင်းဖြစ်သည်။ ဦးမောင်မောင်က ကုန်စုံဆိုင်ထဲမှာ စကားပြောဆိုနေပြီးမှ ဧည့်ခန်းထဲ ရောက်လာ၏။

"မဦးရေ. . . မင်းရစရာရှိတာတွေ. . မင်းဒေါ်လေး ပေးလိမ့်မယ်. . . သူနဲ့သာ သွားရှင်းလိုက်တော့. . . ဦးလေး မောင်ကတော့ ဆရာမလေးကို ကျောင်းဘက် သွားပို့လိုက်ဦးမယ်"

ကျောင်းကော်မတီလူကြီး ဦးမောင်မောင်နှင့်အတူ မမိုး





စွေ လိုက်သွားပါ၏။ ရွာလယ်လမ်းမှာ လျှောက်သွားနေစဉ် ရွာသူရွာသားတွေက စိတ်ဝင်တစား ကြည့်သွားကြသည်။

"ဦးလေး ဒီနှစ်မှ ကျောင်းမှာ ရှစ်တန်းဖွင့်တာပေါ့နော်"

"ဟုတ်တယ်. . . ခုနစ်တန်း အောင်လာတဲ့ ကျောင်းသားတွေနဲ့ ဒီနှစ်မှ ရှစ်တန်းဖွင့်တာ၊ သူတို့ လေးတန်းအောင်တဲ့နှစ်က တွဲဖက်ကျော င်း စဖွင့်ခဲ့တာပေါ့"

"ခုဆို လေးနှစ်မြောက်ပေါ့"

"ဆရာမလေးကလည်း လေးယောက်မြောက်ပဲ"

"တစ်နှစ်ကို တစ်ယောက်ခန့်ခဲ့တာလား"

"ဟုတ်တယ်. . . မစိုးစိုးမြင့်ကို စခန့်ပြီး ကျောင်းစဖွင့်ခဲ့တာ ငါးတန်းတစ်ခုပဲ ရှိသေးတယ်၊ စိုးစိုးမြင့်က အေရာရွာသူလေ. . . စာပေးစာယူနဲ့ ဘွဲ့ရထားတယ်၊ ခုတော့ သူပဲ တာဝန်ခံလုပ်ပြီး ကျောင်းကိစ္စတွေကို စီမံတယ်"

လျှောက်သွားနေရင်း ရွာလမ်းဘေးမှာ အလွန်ကျယ်ဝန်းသော မြေကွက်လပ်ကြီးတစ်ခုကို မမိုးစွေ တွေ့လိုက်ရသည်။ ကွင်းကြီးအလယ်လောက်တွင် နှစ်ဆောင်ပြိုင် ငါးပင်လေးခန်း ရှေးအိမ်ကြီးတစ်လုံးက ထီးထီးကြီး ရှိနေလေ၏။

"ဟောဟိုကွင်းအလယ်ကဟာ ဆရာမလေး စာသင်ရမယ့်ကျောင်းပဲ"

ခန့်ညားထယ်ဝါသော်လည်း ရေနံ့ဝနေသော မည်း



www.burmeseclassic.com

www.burmeseclassic.com



မှောင်ပြီး ထီးထီးရှိနေသည့် တစ်ထပ်ကျောင်း အဆောက်အဦကြီးက ထိတ်လန့်စရာကောင်းနေသည်။ ဆယ့်ငါးပေခန့် ကျယ်သော အခန်းပေါင်း လေးခန်းရှိပြီး အခန်းတိုင်းတွင် စာသင်ခုံရှည်များ အပြည့်ရှိနေသည်ကို မမိုးစွေ တွေ့လိုက်ရ၏။ ကျောင်းခန်းတစ်ခုထဲတွင် ကျောင်းသားတွေ ဝိုင်းအုံနေသည်ကိုလည်း တွေ့ရသည်။

"ကျောင်းသားတွေ ကျောင်းအပ်လက်ခံနေပြီ ဆရာမလေးရဲ့"

ဦးမောင်မောင်က ပြောပြီး လှေခါးထစ်များကို နင်းတက်ကာ ကျောင်းဆောင်ထဲ ဝင်သည်။

"စိုးစိုးရေ. . . ဆရာမလေး ရောက်လာပြီဟေ့"

ကျောင်းသားတွေ ရှဲသွားမှ စားပွဲတစ်လုံးတွင် ဆရာမတစ်ယောက် ထိုင်နေသည်ကို မမိုးစွေ တွေ့ရသည်။ စိုးစိုးမြင့်က မိန်းမချောဖြစ်သည်။

"လာပြီ. . . ဦးလေးမောင်၊ ခဏလေး. . ."

ခဏအကြာမှာပင် ဆရာမစိုးစိုးမြင့်က သူတို့အနီး ရောက်လာသည်။ သူမ၏အသက်ကို မမိုးစွေ ခန့်မှန်းနေမိသည်။

"ဦးလေးမောင်ရဲ့ဆရာမလေးက တော်တော်ချောတာပဲ. . . ကျောင်းတက်တုန်းဆို"

"မိုးစွေ စာပေးစာယူ တက်နေတုန်းပါ"





"ဘာ,ဘာသာ ယူထားလဲ"

"ရူပဗေဒပါ"

"အတော်ပဲ. . . မမိုးစွေကို အထွေထွေသိပ္ပံ သင်ခိုင်းရမယ်. . . ဖြစ်တယ်မဟုတ်လား"

"ဘယ်နှစ်တန်းကို သင်ရမလဲဟင်. ."

" ၅-၆-၇ ၈ ပေါ့. . . အလယ်တန်းအားလုံးကို သင်ရမှာ၊ မမစိုးက အင်္ဂလိပ်စာနဲ့ ပထဝီသင်တယ်၊ နုနုရေ. . . ခဏလာပါဦး"

ကျောင်းသားအုပ်ထဲက မမိုးစွေနှင့် ရွယ်တူလောက်ရှိသည့် ပိန်ပိန်ပါးပါး ဖြူဖြူနုနု မိန်းကလေးတစ်ယောက် ထွက်လာသည်။ မမိုးစွေက နုနုဝေ လျှောက်လာနေသည်ကို ငေးကြည့်နေစဉ် ဦးလေးမောင်မောင်၏နှုတ်ဆက်သံကို ကြားရ၏။

"စိုးစိုးရေ. . . ဆရာမလေးကို စိုးစိုးလက် အပ်ခဲ့ပြီနော်၊ ဦးလေးမောင် မော်တော်ဆိပ် ဆင်းလိုက်ဦးမယ်"

ဦးလေးမောင်မောင် ကျောင်းပေါ်က ဆင်းပြီး ထွက်ခွာအသွားမှ နုနုဝေက သူတို့အနီး ရောက်လာသည်။

"မမိုးစွေ. . . ဒါ နုနုဝေပဲ. . . နုနု မနှစ်က သင်္ချာနဲ့ အထွေထွေသိပ္ပံ သင်တယ်၊ ဒီနှစ် မမိုးစွေကို အထွေထွေသိပ္ပံ သင်ဖို့ တာဝန်ပေးမှာဆိုတော့ နုနုသက်သာသွားပြီ"

"ဝမ်းသာလိုက်တာ. . . သင်္ချာတစ်ဘာသာဆို နုနု



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ပိုင်နိုင်နိုင် သင်နိုင်ပြီပေါ့"

တစ်ခုခု လိုနေဆဲ ဖြစ်သည်ကို မမိုးစွေ စဉ်းစားမိသွားသည်။ မြန်မာစာနှင့်သမိုင်း သင်မည့်သူကို မမိုးစွေ မသိရသေးဘဲ ရှိပါ၏။

"မမစိုး. . . မြန်မာစာနဲ့သမိုင်းကို ဘယ်သူသင်မှာလဲဟင်"

"ဩော်. . . ဟုတ်သားပဲ၊ မြန်မာစာနဲ့သမိုင်းကို ဆရာကိုလက်ျာအောင် သင်မှာ. . . သူက ရန်ကုန်ကဆိုတော့ ရွာကို အရောက်နောက်ကျတတ်တယ်. . . ကျောင်းမှာ ကိုလက်ျာက ယောကျာ်းလေးတစ်ယောက်ပီပီ တအားကြီးကို အားကိုးရတယ်"

ရင်ထဲအသည်းထဲက ပြောသောစကားဖြစ်မှန်း မမိုးစွေ သိလိုက်ရပါသည်။ ကိုလက်ျာအောင်ဆိုသူကို မမြင်ရမီကတည်းက မမိုးစွေ အာရုံမှာ လာရောက်ငြိတွယ်နေ၏။

"စိုးစိုးရေ. ."

ဦးလေးမောင်မောင်၏အသံကို ကြားလိုက်ကြရခြင်းဖြစ်သည်။ သူ၏အမူအရာက ထိတ်ထိတ်ပြာပြာ ဖြစ်နေပါ၏။

"ဦးလေးမောင်. . . ဘာဖြစ်တာလဲ"

ကျောင်းပေါ် တက်မလာဘဲ အောက်မှာပင် ရပ်ပြီး အမေးကို ဖြေသည်။

"မောင်မင်းသူ အပမှီနေလို့တဲ့. . . ဦးလေးမောင် သွား





မလို့၊ စိုးစိုးကို ဝင်ခေါ်တာ"

"နုနုလည်း လိုက်ကြည့်ချင်တယ် ဦးလေးမောင်"

"နင့်မမစိုး ခွင့်ပြုရင် လိုက်ပေါ့"

"ကဲပါ. . . နုနုရော မမိုးစွေပါ လိုက်ခဲ့ပေါ့. . . မင်းသူက မမစိုးတို့ကျောင်းသားလေ၊ ခုနစ်တန်း အောင်ထားတယ်၊ ဒီနှစ် ရှစ်တန်းတက်မှာ"

မမိုးစွေလည်း ဘာမသိညာမသိနှင့် အတူလိုက်ပါသွားရသည်။ အပမှီနေသည်ဆိုသည်ကို မမိုးစွေ သေသေချာချာ ရေရေရာရာ မသိပေ။ သရဲပူးတာကို ပြောတာဖြစ်မည်ဟု ခန့်မှန်းမိသည်။ မတွေ့ဖူး မကြုံဖူး၍ စိတ်ဝင်စားသော်လည်း ကြောက်စိတ်က ရင်ထဲမှာ တွယ်ကပ်လိုက်ပါလာ၏။

"အို. . . လူတွေအများကြီးပဲ. . . ဘာကြောက်စရာ ရှိတာမှတ်လို့"

ကိုယ့်ကိုယ်ကို အားပေးရင်း အိမ်တစ်အိမ်သို့ သူတို့ ရောက်သွားသည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၇)

သူတို့ ခြံထဲဝင်သွားကြသည်နှင့် အိမ်ထဲက အော်ဟစ်ကြိုဆိုကြ၏။

"ဟော. . . ဦးမောင်မောင်နဲ့ ဆရာမတွေ လိုက်လာကြတယ်၊ လာကြပါ. . . လာကြပါ"

အိမ်က နှစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံး ဖြစ်သည်။ ဦးလေးမောင်မောင်က ဦးဆောင်ပြီး အိမ်ထဲသို့ ဝင်ရာ မမိုးစွေတို့လည်း လိုက်ဝင်ပြီး ခင်းထားပေးသော ဖျာတွေပေါ်မှာ ထိုင်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မမိုးစွေရှေ့မှာ မိန်းမကြီးတစ်ယောက် ဝင်ထိုင်သည်။ ဦးလေးမောင်မောင်က သူတို့နှင့် မိတ်ဆက်ပေးပါသည်။

"ဒါ မောင်မင်းသူရဲ့အမေလေ. . . ဒါနဲ့ မောင်မင်းသူ ဘယ်မှာလဲ"

"အိပ်နေတယ် ဦးမောင်၊ ဆေးမှူးက သူစားမယ့်အစာထဲ အိပ်ဆေးထည့်ကျွေးလိုက်တယ်လေ၊ မဟုတ်ရင် ထိန်းလို့သိမ်းလို့မရအောင် သောင်းကျန်းနေမှာ"

ဦးလေးမောင်မောင်က မပြည့်မစုံ ဖြစ်နေသည်များကို ဆက်မေးမြန်းလိုက်သည်။

"ကဲ. . . ဘယ်လိုက ဘယ်လို စဖြစ်တယ်ဆိုတာ ပြောဦးမှပေါ့"

"စဖြစ်တာကတော့ နွေကျောင်းပိတ်ထားတုန်းကပေါ့၊ သောင်ဘက်မှာ သူ့သူငယ်ချင်းတွေနဲ့ သွားဆော့တယ်လေ. . . နေဝင်မိုးချုပ် ဆော့နေကြရင်း အပမှီသွားတာပဲ"

"အပမှီတယ်ဆိုတာ ဘယ်လိုလုပ် သိကြတာလဲ"

"ခါတိုင်းလို ညအိပ်ရာဝင်ခါနီး ဘုရားရှိခိုးခိုင်းတော့ အကြောက်အကန် ငြင်းတော့တာပဲ. . . ညသန်းခေါင်ကျတော့ ဆာတယ်ဆာတယ်ဆိုပြီး အော်တယ်၊ ငါ့ကို ကျွေးကြ၊ မကျွေးရင် တစ်အိမ်လုံး စားပစ်မယ်ဆိုပြီး ခြိမ်းခြောက်နေသေးတယ်"

"နွေတုန်းကဆိုတော့ တော်တော်ကြာပြီပေါ့"





"မနက်ကျတော့ ရွာဦးကျောင်းက ဆရာတော် ပေးထားတဲ့ ပရိတ်ရေ တိုက်လိုက်တယ်၊ အဲဒီနောက်ပိုင်း ဘာမှမဖြစ်တော့ဘူး၊ ပြီးခဲ့တဲ့ လကွယ်နေ့ကမှ ပြန်ဖြစ်တာ"

"အရင်က ဖြစ်သလို ပြန်ဖြစ်တာလား"

"ပိုဆိုးတာပေါ့. . . ညဘက် ဘုရားရှိခိုးခိုင်းရင် ဟိုလိုလို ဒီလိုလို လုပ်ပြီး ရှောင်တာက စတာပဲ. . . နောက်ပိုင်း မနက်အတွက် ချက်ထားတဲ့ အသားဟင်း ငါးဟင်းတွေ ပျောက်တယ်၊ အိမ်မှာက လူများတော့ တစ်ပိဿာချက်ငါးလောက် ချက်ရတာ၊ အဲဒီဟင်းအိုးတွေကို ပြောင်အောင်စားပစ်တာ၊ စောင့်ဖမ်းတော့ ကျွန်မသား မင်းသူကို လက်ပူးလက်ကြပ် မိတာပဲ"

"သူ့ကို ဘာဖြစ်လို့ စားတယ်ဆိုတာ မေးမကြည့်ဘူးလား"

"မေးလို့မရဘူး. . . သူ့ဟန်ပန်က ပုံမှန်မဟုတ်ဘူး၊ မျက်လုံးတွေက ကြောက်စရာကောင်းအောင် ပြူးနေတာ၊ မျက်တောင်လည်း မခတ်တော့ဘူး၊ မျက်ဆံကလည်း ကြောင်မျက်လုံးလို ဖြစ်နေတယ်၊ သူ့ကို ယောက်ျားသုံးယောက် ဝိုင်းချုပ်ထားတာတောင် ရုန်းနေတာ၊ နောက်ဆုံး ကြိုးနဲ့ တုပ်ထားရတယ်"

"တော်တော်ဆိုးနေတာပဲ"

"ဆိုးတာပေါ့ ဦးမောင်ရယ်၊ မနေ့ကဆို သူ့ညီမလေး မွေးထားတဲ့ ကြောင်လေးကို ကိုက်သတ်ပစ်လိုက်တာပဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အထိတ်တလန့် ဖြစ်သွားကြရသည်။ စိုးစိုးမြင့်က မေးခွန်းတစ်ခုကို ထပ်မေးလိုက်သည်။

"အရှင်လတ်လတ် လုပ်လိုက်တာလားဟင်"

"ဟုတ်တယ်. . . သူ့ညီမရင်ခွင်ထဲက ကြောင်လေးကို ဖမ်းဆွဲပြီး ကိုက်သတ်ပစ်တာ၊ ဆယ်ပေလောက် အဝေးကနေ လက်ကြီး ရှည်ထွက်လာပြီး ဖမ်းဆွဲသွားတာလို့ သမီးလေးက ပြောတယ်"

ဘာမှထပ်မေးစရာ မရှိတော့သလို ငြိမ်သက်နေကြသည်။ လူတွေအများကြီးအလယ်မှာ ထိုင်နေရပါလျက် မမိုးငွေ မလုံမခြုံ ဖြစ်နေပြီ။ နံဘေးရှိ နုနုဝေအနားသို့ မသိမသာ ရွေ့လိုက်သည်။ နုနုဝေကလည်း မမိုးငွေ၏လက်ဖဝါးကို တင်းတင်း ဆုပ်ကိုင်ထားသည်။ အေးစက်စက် အထိအတွေ့ကြောင့် နုနုဝေလည်း ကြောက်နေပြီလို့ သိလိုက်သည်။

"နုနု. . . ကြောက်နေသလား"

မမိုးငွေက တိုးတိုး နှစ်ကိုယ်ကြား မေးလိုက်ပါသည်။ နုနုဝေကလည်း တိုးတိုးပြန်မေး၏။

"ဟုတ်တယ်. . . မမိုးငွေကော မကြောက်ဘူးလား"

"အရိုးထဲအထိ စိမ့်နေအောင် ကြောက်တာပေါ့"

ထိုစကားကို ပြောပြီး ကျောချမ်းလာ၏။ ကြောက်ကြောက်နှင့် နောက်သို့ လှည့်ကြည့်လိုက်သောအခါ လူတစ်





ယောက်လုံး ရေတွေ ရွှဲစိုနေပြီး ဆံပင်ရှည်တွေက မျက်နှာပေါ် ဖုံးအုပ်နေ၍ မျက်နှာကို ထင်ထင်ရှားရှား မမြင်ရသော်လည်း မျက်လုံးနီနီရဲရဲတွေကိုတော့ ဆံပင်တွေကြားမှာ တွေ့နေရသည်။ မမိုးငွေ အကြောက်လွန်ပြီး အသက်ရှူရန် မေ့နေလေ၏။

"ဟို. . . ဟို"

မမိုးငွေ အသံထွက်သွားသည်။ ထိုလူရှိရာသို့ လက်ညှိုးထိုးပြ၏။ နုနုဝေနှင့်မမစိုး လှည့်အကြည့်မှာပင် ထိုလူ ဖြတ်ခနဲ ပျောက်သွားလေသည်။

"ဆရာမလေး. . . ဘာလဲ. . ဘာတွေ့လိုက်လို့လဲ"

"ဟို. . . ဟိုနားမှာ လူတစ်ယောက်က မိုးငွေတို့ကို ရပ်ကြည့်နေတယ်. . . သူ့တစ်ကိုယ်လုံးလည်း ရေတွေ ရွှဲရွှဲစိုနေတယ်"

"မိုးငွေ စိတ်ထင်လို့ ဖြစ်ပါလိမ့်မယ်ကွယ်၊ ကြည့်လေ. . ဘာမှမရှိပါဘူး. . . မိုးငွေ ခုတွေ့ရလား"

"စောစောက မိုးငွေ သေသေချာချာ တွေ့လိုက်ရတာပါ၊ အဲဒီလူ မျက်စိရှေ့မှာတင် ရုတ်တရက် ပျောက်သွားတာ"

"မဖြစ်နိုင်တာကွယ်. . ."

ထိုအချိန်တွင် နုနုဝေ၏အသံက ထိတ်လန့်စရာကောင်းအောင်ပင် ကျယ်လောင်သွားပါသည်။

"ဟိုမှာ. . . ဟိုမှာ. . . ရေကွက်ကြီး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



နုနုဝေ ပြောသလိုပင် ကြမ်းပြင်ပေါ်မှာ အိုင်ထွန်းနေသော ရေကွက်ကြီးကို တွေ့လိုက်ကြရသည်။

"ဟုတ်တယ်. . . အဲဒီနေရာမှာ သူရပ်နေတာ. . . သူ့မျက်လုံးတွေက မီးခဲတွေလိုပဲ နီရဲနေတာ"

မမိုးစွေ စကားကို ဘယ်သူကမှ တုန့်ပြန်ပြောဆိုခြင်း မရှိဘဲ အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြ၏။

"ဘာနံ့ကြီးလဲ မသိဘူးနော်၊ ပုတ်အဲ့အဲ့နဲ့၊ မမစိုး. . . အပုတ်နံ့ မဟုတ်လားဟင်. . ."

နုနုဝေ ပြောလိုက်မှ မမိုးစွေ နှာခေါင်းထဲသို့ ဆိုးဝါးလှသော အပုတ်နံ့က ဝင်လာ၏။ နုနုဝေလက်ကို တင်းတင်းဆုပ်ကိုင်ထားလိုက်ပါသည်။ နုနုဝေကလည်း မမိုးစွေလက်ကို တအားဆုပ်ထားသည်။

"ဟဲ့. . . မတင်၊ ဆရာကြွလာပြီ"

မမိုးစွေတို့၏ကြောက်စိတ်က အာရုံပြောင်းသွားသလို ရှေ့မှ မောင်မင်းသူ၏မိခင်လည်း သွက်သွက်ထသွားတော့သည်။

အိမ်ထဲသို့ တိုက်ပုံအင်္ကျီ ဝတ်ထားပြီး လွယ်အိတ်တစ်လုံး လွယ်ထားသည့် လူတစ်ယောက် ဝင်လာ၏။ ဆံပင်နည်းနည်း ပိုရှည်နေပြီး နှုတ်ခမ်းမွေးထူထူ ရှိသည်ကလွဲပြီး သာမန်လူတစ်ယောက်သာဖြစ်သည်ဟု မမိုးစွေ ဝေဖန်နေမိသည်။ ထင်ရှား





လှသော မေးရိုးတွေက ကြံ့ခိုင်ပြတ်သားသူတစ်ယောက် ဖြစ်လိမ့်မည်ဟု မှန်းဆလိုက်၏။

"ဆရာ. . . ကလေးက အိပ်ခန်းထဲမှာပါ"

"ဘုရားစင်ရှေ့ကို ခေါ်လာခဲ့"

ဘုရားစင်ရှေ့မှာ ထိုင်ကာ ဘုရားကို ဦးချကန်တော့ပြီး ရှိခိုးနေသည်ကို ကြည့်၍ ဆရာဆိုသူကို မမိုးစွေ ယုံကြည်အားကိုးစိတ် ဝင်နေပြီ။ အားလုံးက ဆရာ့လှုပ်ရှားမှုတွေကို စိတ်ဝင်တစား လိုက်ကြည့်နေကြသည်။ ဆရာက လွယ်အိတ်ထဲက မြေဖြူတစ်တောင့်ကို ထုတ်သည်။ ဘုရားစင်ရှေ့ကြမ်းပြင်ပေါ်မှာ ခပ်ကျယ်ကျယ် စက်ဝိုင်းတစ်ခုကို ဝိုင်းထားလိုက်ပြီး ဘုရားစင်ကို မျက်နှာမူကာ စက်ဝိုင်းရှေ့မှာ ထိုင်နေ၏။ ထိုစဉ် မောင်မင်းသူကို လူတစ်ယောက်က ပွေ့သယ်ယူလာသည်။

"စက်ဝိုင်းထဲ ထည့်ထားလိုက်ပါ"

ဆရာပြောသည့်အတိုင်း အရုပ်တစ်ရုပ်လို မလှုပ်မယှက်ဖြစ်နေသော မင်းသူကို စက်ဝိုင်းထဲ ထည့်ထားလိုက်သည်။ ဆရာက လွယ်အိတ်ထဲက ကြေးဖလားတစ်ခုကို ထုတ်လိုက်၏။ ကြေးဖလားပေါ်တွင် အက္ခရာများ လေးထောင့်ကွက်များ ရေးခြစ်ထားသည်ကို မမိုးစွေ သတိထားလိုက်မိသည်။

"သောက်ရေနှစ်ခွက်လောက် ထည့်ပေးပါ"

"ဟဲ့. . ဟဲ့. . သောက်ရေအိုးထဲက ဖန်ခွက်နဲ့ ခေါက်



www.burmeseclassic.com

www.burmeseclassic.com



ရေနှစ်ခွက် ခပ်ခဲ့ကြစမ်း"

ယူလာသော ဖန်ခွက်နှစ်လုံးထဲက သောက်ရေကို ဆရာက သူ့ကြေးဖလားထဲသို့ ထည့်သည်။ နောက် လက်မှာ ကိုင်မြှောက်ပြီး ရွတ်ဆိုနေသည်ကို တွေ့ကြရ၏။ တစ်အိမ်လုံး ငြိမ်သက်တိတ်ဆိတ်နေသော်လည်း ဆရာ့ရွတ်ဆိုသံကို သဲ့သဲ့မျှ မကြားရဘဲ ရှိသည်။ နှုတ်ခမ်းလှုပ်ရှားမှုကို မြင်ကြရ၍သာ ရွတ်ဆိုနေသည်ကို သိကြရခြင်းဖြစ်၏။

BURMESE CLASSIC .com

"ဟို. . . ဟိုမှာ. . ."

မမိုးစွေ၏အသံတိုးတိုးလေး ထွက်သွားသည်။

"ဘာလဲဟင် မိုးစွေ. . ဘာလဲ"

ဘေးမှ နုနုဝေက ကြားသွား၍ တိုးတိုးလေး ပြန်မေးသည်။

"ဟို. . . ရေတွေ ရွှဲနေတဲ့လူ. . . မောင်မင်းသူကိုယ်ထဲ ဝင်သွားပြီ"

"နုနုတော့ ဘာမှမတွေ့ရဘူး"

ဆရာက ကြေးဖလားကို သူ့ရှေ့မှာ ချထားလိုက်၏။ လွယ်အိတ်ထဲက ဖယောင်းတိုင်တစ်တိုင်ကိုထုတ်ပြီး မီးညှိထွန်းသည်။ ထို့နောက် မီးညှိထွန်းထားသော ဖယောင်းတိုင်ဖြင့် စည်းစက်ဝိုင်းပေါ်မှာ ဖယောင်းစက်တွေ လိုက်ချထားလေ၏။ တစ်ပတ်ပြည့်သောအခါ ဖယောင်းတိုင်ကို စည်းပေါ်မှာ စိုက်





ထားလိုက်သည်။ ဆရာ့လှုပ်ရှားမှုကို အားလုံးက ငေးကြည့်ငြိမ်သက်နေ၏။

"အား. . ."

အင်မတန် ကျယ်လောင်သောအသံဆိုးကြီးကို ကြားလိုက်ကြရခြင်းဖြစ်သည်။ ဆရာက အိန္ဒြေမပျက် သူထိုင်ခဲ့သောနေရာမှာပင် ပြန်ထိုင်နေ၏။

"ဝါး. . အား. ."

အော်သံနက်ကြီးကို ဒုတိယအကြိမ် ကြားလိုက်ရမှ ထိုအော်သံသည် မောင်မင်းသူထံမှ ဖြစ်သည်ကို သိလိုက်ရသည်။ စည်းဝိုင်းထဲမှာ ငြိမ်သက်နေသော မင်းသူ လှုပ်ရှားစပြုနေပြီ။

မင်းသူ ကုန်းထလာသည်။ ဆံပင်တွေ စုတ်ဖွား ပွယောင်းနေသည်။ မျက်လုံးနှစ်လုံးကလည်း မီးခဲလို ရဲနီနေ၏။ ရေထဲက ထလာသူလို တစ်ကိုယ်လုံး ရွှဲရွဲစိုနေပြီး ကြမ်းပေါ်သို့ ရေတွေ တစက်စက် ကျနေပါသည်။ ခြေနှစ်ချောင်းပေါ် မတ်မတ်ရပ်မိသည်နှင့် တင်ပျဉ်ခွေ ထိုင်နေသော ဆရာကို စိုက်ကြည့်နေပြီ။

"ဝါး. . ဟား. . ဟား. . ဟား. . စားမယ်. . ဝါးမယ်၊ စားပစ်မယ်"

လက်တစ်ချောင်းကို မြှောက်လိုက်သည်။ ထိုလက်[illegible] ဆန့်ထွက်လာနေပြီ။ နုနုဝေက မမိုးစွေကို ဖက်ပြီး ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဝှက်ထား၏။ မမိုးစွေကတော့ ကြောက်ကြောက်နှင့်ပင် ကြည့်နေမိသည်။ ရှည်ထွက်လာသောလက်က စည်းဝိုင်းအပြင်မထွက်မီ မီးတောက်မီးလျှံ စွဲပြီး ပြန်ဆုတ်တိုဝင်သွားတော့သည်။

"အား. . . ပူတယ်. . . ပူတယ်"

စည်းအတွင်းမှာ အော်ဟစ်ပြေးလွှားခုန်ပေါက်နေလေ၏။ ဆရာက ကြေးဖလားကို ယူပြီး ထိုင်နေရာက ထသည်။ ထို့နောက် ကြေးဖလားထဲက ရေနှင့် လှမ်းပက်လိုက်သည်။ ဖလားထဲက ရေတွေ ထိမှန်သွားသည်နှင့် ခုန်ပေါက်ပြေးလွှားနေသော မကောင်းဆိုးဝါး ရုတ်တရက် ငြိမ်သက်သွား၏။ ထို့နောက် ရေတွေကို အန်ချနေတော့သည်။ အပုတ်နံ့တွေ လှိုင်နေပြီ။

"ဝေါ့. . ဝေါ့. . ဝေါ့"

တဝေါ့ဝေါ့နှင့် ရေတွေကို အန်ချနေသည်မှာ လက်ဆွဲပုံးတစ်ပုံးမက ရှိနေသော်လည်း ဆက်လက်အန်နေဆဲ ရှိသည်။ စည်းဝိုင်းထဲမှာလည်း ရေတွေ အိုင်ထွန်းလို့နေပြီ။ အားလုံးရှေ့မှာပင် ရေတွေ အန်နေရင်းမှ အရုပ်ကြိုးပြတ် လဲကျသွား၏။ လဲကျနေသော မင်းသူ၏ခန္ဓာကိုယ်ထဲမှ ခေါင်းစုတ်ဖွားနှင့် ပုံရိပ်တစ်ခု ကုန်းထလာသည်။ ထို့နောက် လူများကို ဖြတ်သန်းပြီး အိမ်ပြင်သို့ ပြေးထွက်သွားသည်ကို မမိုးစွေ မြင်လိုက်ရ၏။ စည်းပေါ်မှာ ထွန်းထားသော ဖယောင်းတိုင်မီးလည်း ငြိမ်းသွားလေသည်။

"ကလေးအတွက် စိတ်ချရပါပြီ. . . မကြာခင် သူသတိ





ရလာပါလိမ့်မယ်"

ဆရာစကားကို သံသယကင်းကင်းနှင့် ယုံကြည်သူမှာ မမိုးစွေသာ ဖြစ်ပါသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၈)

BURMESE CLASSIC .com

မိုးစွေ အိမ်ပြန်ရောက်သောအခါ ကြီးတော်ဒေါ်သန်းမေကို သူကြုံတွေ့ခဲ့ရသမျှတွေ ပြန်ပြောပြလိုက်သည်။

"ဒါဆို ညည်းက မောင်မင်းသူကို ဝင်ပူးတဲ့ မကောင်းဆိုးဝါးကောင်ကို တွေ့လိုက်ရတယ်ပေါ့. . . ဟုတ်လား"

"ကြီးမေ မယုံလို့လားဟင်၊ မိုးစွေ တကယ်တွေ့လိုက်ရတာပါ"

"လူတွေ ကံနိမ့်မှ ဝိညာဉ်တွေကို မြင်ရတာ မိုးစွေ"

"ဒါဆို မိုးစွေ ကံနိမ့်နေတာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"မပြောတတ်ပါဘူးဟယ်. . . ကြီးမေ ရွာဦးကျောင်း သွားပြီး ဆရာတော်ဆီက ပရိတ်ကြိုးလေး အဆောင်လေး တောင်းထားပေးဦးမှ ဖြစ်မှာပါ"

"ကြီးမေ. . . မိုးစွေ သိချင်တာရှိတယ်၊ ကြီးမေ သိ မလားတော့ မသိဘူး"

"ဘာသိချင်လို့လဲ"

"ဟိုနှစ်ဆောင်ပြိုင်အိမ်ကြီးနဲ့ ပတ်သက်တာတွေပေါ့"

"နှစ်ဆောင်ပြိုင်အိမ်ကြီး ဟုတ်လား၊ ဘာလဲ. . . အလယ်တန်းကျောင်း လုပ်ထားတဲ့အိမ်ကြီးလား"

"အင်းပေါ့. . . အဲဒီအိမ်ကြီးမှာ သရဲရှိတယ်ဆို"

"ညည်းဘယ်က ကြားလာတာလဲ"

"အို. . . ကြီးမေကလည်း၊ ဟိုလူပြော ဒီလူပြောနဲ့ ကြားတာပါ"

"အင်း. . . ကြီးမေလည်း သိပ်မသိပါဘူးကွယ်၊ ဦးဆုံး အဲဒီနှစ်ဆောင်ပြိုင်အိမ်ကြီးကို ဆောက်ပြီးနေခဲ့ကြသူတွေက မွန် အမတ်ကြီးတစ်ပါးရဲ့ဆွေတော်မျိုးတော်တွေပဲ၊ သူတို့တစ်မိသားစု လုံး မြို့တက်သွားကြတော့ ဦးထွန်းလှဖြူက ဝယ်ပြီးနေကြတာ"

"ဦးထွန်းလှဖြူဆိုတာက ဘာလဲ ကြီးမေ"

"အဲဒီလူက ပထမတော့ ငါးဖမ်းစက်လှေဦးစီးပဲ. . . လခစားပေါ့၊ ပင်လယ်အကြောင်း ငါးအကြောင်းကို တစ်ပွဲစား





လောက်နီးနီး သိကျွမ်းနေတော့ နောက်ဆုံး သူဌေးဖြစ်သွား တယ်၊ ငါးဖမ်းစက်လှေတွေ ဝယ်ပြီး ပိုက်ထောင်တော့တာပဲ၊ အေရာမှာတော့ သူ့ကို ပိုက်သူဌေးဆိုပြီး လေးစားကြောက်ရွံ့ကြ တယ်"

"သူတို့ နှစ်ဆောင်ပြိုင်အိမ်မှာ နေတော့ သရဲအခြောက် ခံရတာပေါ့နော်"

"သူတို့လက်ထက်မှာ ဘာသရဲမှ မရှိပါဘူး၊ သူတို့က ပတ်ဝန်းကျင်နဲ့လည်း သိပ်အဆက်အဆံ မလုပ်ဘူး၊ သူ့မိန်းမ မြကြာဖြူကိုလည်း ရွာထဲ ပေးထွက်တာ မဟုတ်ဘူး၊ ခြံကြီးကို လည်း ပတ်ပတ်လည်မှာ စည်းရိုးခတ်ထားတာ၊ အစေအပါးတွေ လောက်ပဲ ရွာထဲ ထွက်ပြီး ဈေးဝယ်ဘာဝယ် လုပ်ကြတယ်"

"ဦးထွန်းလှဖြူ မိန်းမနာမည်က မြကြာဖြူတဲ့လား၊ လှလိုက်တဲ့ နာမည်လေးနော်"

"အို. . . လူကလည်း ချောလိုက်လှလိုက်တာ ဖွေးနု အိစက်နေတာပဲ၊ သူ့လင်ကြီးနဲ့များ နည်းနည်းမှ မလိုက်ဖက်ဘူး၊ ဦးထွန်းလှဖြူက အသက်ကလည်းကြီး၊ အသားကလည်း မည်း သေး၊ ရုပ်ကလည်း ဆိုးလိုက်တာ တာတေကို လန်နေတာပဲ"

"မြကြာဖြူက ဘာဖြစ်လို့များ ယူလိုက်တာလဲ မသိဘူး နော်"

"ပိုက်ဆံပေါ့ ကလေးရယ်၊ ဦးထွန်းလှဖြူက တအားကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ချမ်းသာတာ မဟုတ်လား၊ အကုသိုလ်အလုပ်နဲ့လည်း အကျိုးပေးလိုက်တာ လွန်ရောပဲ၊ လောဘကလည်း ကြီးပ၊ ဒီလောက်ချမ်းသာနေတာတောင် သူ့ချွန်းတွေ ပင်လယ်ငါးဖမ်းထွက်ရင် ကိုယ်တိုင်လိုက်တယ်. . . အိုးပစ်အိမ်ပစ်ပဲ"

"မြကြာဖြူကို တစ်ယောက်တည်း ထားပစ်ခဲ့တာပဲလား"

"အို. . . ငါးဖမ်းထွက်တာ အပျော်ခရီးမှ မဟုတ်ဘဲ. . . ထားခဲ့တာပေ့ါ၊ မြကြာဖြူလည်း သူ့ယောကျာ်း ပင်လယ်ထွက်မှ ရွာထဲ ထွက်ရတာ၊ ဒါတောင် အချုပ်အချယ်နဲ့၊ ဦးထွန်းလှဖြူရဲ့ သားက နောက်က တကောက်ကောက် လိုက်နေတာ"

"ဦးထွန်းလှဖြူရဲ့သား ဟုတ်လား ကြီးမေ"

"မြကြာဖြူနဲ့ ရတာမဟုတ်ဘူးလေ၊ ပထမမိန်းမနဲ့ ရတဲ့သား၊ အသက်နှစ်ဆယ်လောက်တောင် ရှိနေပြီ၊ ဦးထွန်းလှဖြူမရှိရင် ကောင်လေးက နှစ်ဆောင်ပြိုင်အိမ်ကြီးရဲ့ဘုရင်ပဲ"

"မြကြာဖြူကို ကြီးမေ မြင်ဖူးတာပေ့ါနော်"

"မြင်ဖူးတာပေ့ါ. . . မြင်လိုက်ရင်လေ. . . ငေးကြည့်ရအောင်ကို လှတာ"

"အဲဒီအချိန်က. . . နှစ်ဆောင်ပြိုင်အိမ်ကြီးမှာ သရဲမခြောက်သေးဘူးပေ့ါနော်"

"အင်း. . . ရေလုပ်သားရုံး ဖြစ်သွားမှ ခြောက်တာပဲ"

"မြကြာဖြူတို့က ဘယ်ရောက်သွားလို့လဲ"





"ရခိုင်ပြန်ပို့လိုက်တယ် ပြောတာပဲ၊ ဦးထွန်းလှဖြူ တစ်ယောက်တည်း အိမ်ကြီးမှာ ကျန်ရစ်တယ်"

"အိမ်ကြီးကို ဦးထွန်းလှဖြူက ရောင်းပစ်ခဲ့တာပေ့ါနော်"

"ဟုတ်တယ်. . . ဈေးပေါပေါနဲ့ကို ရောင်းသွားတာ၊ စက်လှေတွေရော. . . ပိုက်တွေရော. . . လုပ်ငန်းကိုပါ ရောင်းတာ၊ ကိုအင်းပိန်တို့က ဝယ်ထားလိုက်တယ်၊ အဲဒီအိမ်ကြီးကို ရေလုပ်သားတွေအတွက် ရုံးလုပ်လိုက်တော့မှ သရဲခြောက်တယ်ဆိုပြီး နာမည်ကြီးတော့တာပဲ"

"ညစောင့်ထားတဲ့ လင်မယားလည်း သရဲခြောက်လို့ သေသွားတယ်ဆို"

"အင်း. . . အဲသလိုပဲ ပြောရမှာပေ့ါ၊ ညစောင့် မောင်ထူးထူးက မူးပြီး သူ့မိန်းမနဲ့သူ့သားကို သတ်တယ်၊ နောက်သူ့ကိုယ်သူ ဆွဲကြိုးချပြီး သေသွားတာပဲ"

"အမလေး. . . ကြားရတာတောင် ရင်တုန်လိုက်တာ ကြီးမေရယ်"

"သူတို့က သိပ်ချစ်ချစ်ခင်ခင်ရှိတဲ့ မိသားစုပဲ၊ သူတို့သားလေးကိုလည်း ချစ်လိုက်တာ တုန်နေတာ၊ အားလုံးကတော့ မောင်ထူးထူး သရဲပူးလို့ အရူးစိတ်ဝင်ပြီးသတ်တာလို့ ပြောကြတာပေ့ါ၊ အဲဒီကတည်းက နှစ်ဆောင်ပြိုင်အိမ်ကြီးကို ရွာအတွက် လျှုပစ်လိုက်ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရသော အဖြစ်အပျက်တွေက ကြောက်စရာလည်း ကောင်း၊ သွေးပျက်စရာလည်း ကောင်းလှသည်။ မမိုးစွေ အသက်ရှုမှားမတတ် ဖြစ်နေရ၏။

"မိုးစွေ"

"ရှင်. . ."

"ကြီးမေ ပြောတာတွေကို စိတ်ထဲ စွဲမထားနဲ့၊ တွေးပြီးလည်း ကြောက်မနေနဲ့၊ ဘုရားတရားမြဲရင် ဘာမှကြောက်စရာမလိုဘူး. . . သိလား"







## အခန်း(၉)

နိုနက်နေက မြင့်တက်လို့နေပြီ။ ကောင်းကင်မှာ မိုးသားတိမ်တိုက်တွေ ကင်းစင်ပြီး ပြာလဲ့ကြည်လင်နေသည်။ အပူရှိန်ကတော့ ပြင်းလှ၏။ မမိုးစွေ ရွာလယ်လမ်းအတိုင်း ကျောင်းဆီသို့ ဦးတည်ပြီး သုတ်သုတ်လျှောက်နေသည်။

သူမ၏ခြေလှမ်းတွေက ကျောင်းသို့ သွားနေသော်လည်း စိတ်ကတော့ ယမန်နေ့က အဖြစ်အပျက်ဆီ ပြန်ရောက်နေ၏။ မောင်မင်းသူ၏အိမ်မှာ မမိုးစွေ တွေ့ကြုံခဲ့ရသည်များကို ခေါင်းထဲက ထုတ်ပစ်မရနိုင်အောင် ရှိဆဲ။ သူများမမြင်ရသည်တို့ကို ဘာကြောင့်များ သူမ မြင်တွေ့ခဲ့ရသလဲဆိုတာ စဉ်းစားမရအောင် ရှိသည်။ ကျောင်းရှေ့ ရောက်သွားသည်အထိ ဆံ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဖွားနှင့် ရေရွဲရွဲစိုနေသည့်လူကို အာရုံထဲက ဖျောက်ဖျက်မပစ်နိုင်ဖြစ်နေပါ၏။

ကျောင်းတံခါးတွေ ဖွင့်နေပြီး ကျောင်းထဲမှာ မစိုးစိုးမြင့်နှင့်အတူ နုနုဝေကိုပါ မမိုးစွေ တွေ့လိုက်ရသည်။ ရင်းနှီးသော ဖိတ်ခေါ်သံကို ကြားရသည်။

"လာ. . မိုးစွေ"

"မိုးစွေ နောက်ကျသွားသလားဟင်"

"နောက်မကျပါဘူးကွယ်. . . ခုထိ ကျောင်းအပ်မယ့်သူတွေလည်း တစ်ယောက်မှ မရောက်သေးပါဘူး"

စားပွဲရှေ့မှာ မိုးစွေ ထိုင်ရန် ခုံရှိမနေပါ။ နုနုဝေက ထိုင်ရာက ထသွားပြီး တစ်ဘက်ခန်းအတွင်းရှိ ခုံတစ်လုံးကို သွားယူပေးသည်။ နုနုဝေ၏လှုပ်ရှားမှုတွေကို လိုက်ကြည့်ရင်း. . . တစ်ဘက်ခန်းထဲမှာ ရပ်နေသော မိန်းမတစ်ယောက်ကို မမိုးစွေ တွေ့လိုက်ရသည်။

"မမစိုး. . . ဟိုဘက်ခန်းထဲမှာ မိန်းမတစ်ယောက်နဲ့ ကလေးတစ်ယောက် ကျောင်းအပ်မလို့နဲ့တူတယ်"

မစိုးစိုးမြင့်ရော နုနုဝေပါ တစ်ဘက်ခန်းသို့ လှည့်ကြည့်လိုက်ကြသည်။

"ဘယ်မှာလဲ မိုးစွေ"

မမစိုးအမေးကြောင့် မမိုးစွေ ပြန်လှည့်ကြည့်လိုက်သော





အခါ ထိုမိန်းမကို မတွေ့မမြင်ရတော့ပဲ ပျောက်ဆုံးသွားသည်။

"ဟင်. . စောစောကပဲ ရှိပါတယ်၊ ဘယ်ရောက်သွားသလဲ"

မမိုးစွေ ထိုအခန်းဘက်သို့ သွားကြည့်လိုက်မိသည်။ တစ်ခန်းလုံး စာသင်ခုံတွေသာ ရှိနေပြီး လူတစ်ယောက်စာ ပုန်းကွယ်နေစရာ မရှိအောင် ရှင်းလင်းနေသည်။ အပြင်ဘက်ကို လှမ်းကြည့်လိုက်သောအခါမှာလည်း ကျောင်းရှေ့မှာ လူရိပ်လူယောင် မရှိအောင် ရှင်းနေ၏။ ကြက်သီးတွေ ထလာသည်။ နုနုဝေ ယူထားပေးသော ခုံပေါ်မှာ ထိုင်မိသည်အထိ ကြောက်စိတ်က မပြေနိုင်သေး. . .။

"မိုးစွေ သေသေချာချာကို တွေ့လိုက်တာပါ မမစိုး. . . အဲဒါ အမှန်ပါပဲ. . ."

နှစ်ယောက်လုံး မမိုးစွေကို ကြည့်နေကြသည်။ သူတို့အကြည့်အောက်မှာ သိမ်ငယ်သလို ခံစားနေရသည်။ ကြောက်စိတ်တွေပင် ပျောက်ကွယ်သွား၏။

"မိုးစွေကို မယုံကြဘူးလားဟင်"

"မမစိုးတို့ မမြင်တာတွေကို မိုးစွေမြင်နေရတယ်၊ မယုံနိုင်စရာပါပဲ. . . ဒါပေမယ့် မမစိုး မိုးစွေကို ယုံသလိုလို ရှိနေပြီလို့ ဖြေရမှာပါကွယ်"

ထိုစကားကို မမိုးစွေ ကြားလိုက်ရသဖြင့် စိတ်ကျေနပ်ကြပ်



www.burmeseclassic.com

www.burmeseclassic.com



မှုများ လျော့ပါးသွားသည်။ သူမ၏အာရုံတွေက ထူးဆန်းနေပါသော်လည်း မယုံတစ်ဝက် ယုံတစ်ဝက်တော့ ဖြစ်နေကြလေပြီ။

"နုနုကတော့ မနေ့ကတည်းက ယုံတာ မိုးစွေရဲ့၊ မောင်မင်းသူကို ဝင်ပူးနေတာ မိုးစွေ တွေ့လိုက်တဲ့ကောင်ပဲဆိုတာ နုနု ယုံတယ်. . . ဒါကြောင့် မနေ့ကတည်းက အဲဒီမကောင်းဆိုးဝါးကောင်ဟာ ရေနစ်သေထားတဲ့ကောင် ဖြစ်မယ်လို့ မမစိုးကို ပြောခဲ့တာ၊ ဒါကြောင့် ရေတွေ အန်ပစ်တာလေ. . ."

"မောင်မင်းသူ လဲကျသွားတော့ အဲဒီအကောင် မောင်မင်းသူ ကိုယ်ထဲက ခွာပြီး အိမ်အပြင် ထွက်ပြေးသွားတာ မိုးစွေ မြင်လိုက်ရသေးတယ်. . . မမစိုးတို့ နုနုတို့ မယုံမှာစိုးလို့ မပြောပြခဲ့ဘူး"

မမိုးစွေ ပြောပြသည်ကို နားထောင်ပြီး မစိုးစိုးမြင့် ငြိမ်သက်သွားသည်။ တစ်ခုခုကို လေးလေးနက်နက် တွေးနေပုံရသည်။

"ဒါဆို ကဒ့်က ဆရာပြောသလို မောင်မင်းသူ အကောင်းပကတိ ဖြစ်သွားပြီပေါ့၊ အင်း. . . မောင်မင်းသူကို ဝင်ပူးတွယ်ကပ်နေတဲ့ကောင်ကို မမစိုး သိပြီ. . ."

"ဘယ်သူလဲဟင် မမစိုး"

နုနုဝေက မြန်မြန်ကြီး မေးလိုက်သည်။ မမိုးစွေကလည်း ထိုမေးခွန်းကိုပင် မေးချင်နေသည်။





"မောင်ကျော်စွာ ဖြစ်မှာပေါ့"

မောင်ကျော်စွာ ဆိုလိုက်သည်နှင့် မမိုးစွေ သိသမျှ မောင်ကျော်စွာတွေ အာရုံထဲမှာ တစ်ယောက်ပြီးတစ်ယောက် ပေါ်လာသည်။ အစ်ကိုဝမ်းကွဲ၊ ကျောင်းနေဖက်သူငယ်ချင်း၊ မမိုးစွေနှင့် ပတ်သက်သမျှ မောင်ကျော်စွာတွေ သက်ရှိထင်ရှားရှိနေဆဲဖြစ်၍ သူတို့ကို အာရုံထဲက ထုတ်ပယ်ပစ်လိုက်ရသည်။

"ဘယ်က မောင်ကျော်စွာလဲဟင်. . ."

"ကိုင်းသောင်ကျွန်းပေါ်က ရေလုပ်သား မောင်ကျော်စွာပေါ့ကွယ်. . . သူ့ဇာတ်လမ်းက အရောမှာ လူပြောသူပြောများခဲ့တဲ့ ကြေကွဲစရာ ဒဏ္ဍာရီတစ်ခုပဲ"

"မောင်ကျော်စွာက သူ့နှမလေး မသူဇာနဲ့အတူ လွန်ခဲ့တဲ့တစ်နှစ်ကျော်က ပျောက်သွားခဲ့တာ၊ သူတို့လှေကိုတော့ ပင်လယ်ထဲ မျောနေတာ တွေ့ခဲ့ကြရတယ်၊ သူတို့ ဘယ်လိုဖြစ်သွားတယ်ဆိုတာ ဘယ်သူမှ အသေအချာ မသိခဲ့ကြဘူး"

"မိုးစွေတို့ကို ပြောပြပါလားဟင်"

မစိုးစိုးမြင့်က အင်တင်တင် ဖြစ်နေ၍ သူတို့ အတင်းပူဆာကြသည်။ နောက်ဆုံး မောင်ကျော်စွာဆိုသူနှင့် သူ့နှမ မသူဇာတို့အကြောင်းကို ပြန်ပြောပြလေသည်။




www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၀)

ကိုင်း သောင်သည် အေရာရွာ၏ တောင်ဘက်ရှိ ပင်လယ်ထဲက ကျွန်းကလေးတစ်ကျွန်းသာဖြစ်သည်။ ကိုင်းသောင် ကျွန်းပေါ်တွင် တစ်နိုင်တစ်ပိုင်ရေလုပ်ငန်း လုပ်ကိုင်ကြသူ ရေလုပ်သားတွေ နေသော တဲစုကလေးရှိ၏။

ထိုတဲစုကလေးထဲက တဲတစ်လုံးတွင် မောင်ကျော်စွာနှင့် မသူဇာတို့မောင်နှမ ရှိသည်။ မောင်ကျော်စွာက ခပ်တက်တက်သမ္မာန်တစ်စင်းနှင့် မျှားတန်းချသူ ဖြစ်သည်။ သူရရှိသည့်ငါးများကို နှမဖြစ်သူ မသူဇာအား အေရာရွာသို့ သွား၍အရောင်းခိုင်း



www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိ၏။ မသူဇာက လောင်းလှေငယ်ကို ကိုယ်တိုင်လှော်ခတ်ပြီး အရေးရွာရှိ ဦးတင့်လွင်၏ငါးဒိုင်မှာ ငါးများ ရောင်းချသည်။

တစ်နေ့.. အရေးရွာရှိ ဦးတင့်လွင်၏ငါးဒိုင်သို့ မသူဇာ လောင်းလှေဖြင့် ငါးရောင်း ရောက်လာသည်။ မသူဇာက လောင်းလှေကို ကမ်းစပ်ဆိပ်ခံတွင် ကပ်ထားပြီး တံတားပေါ် တက်လျှောက်လာ၏။ ငါးဒိုင်ထဲ ရောက်သောအခါ သားသား နားနား ဝတ်စားထားသည့် ရွယ်တူ လူရွယ်တစ်ယောက်မှတစ်ပါး ရှိနေကျလူတွေကို မသူဇာ မတွေ့ရဘဲ ရှိ၏။ ငါးဒိုင်ထဲက လူရွယ် က ရိုးစင်းစွာ ဝတ်စားထားသည့် မသူဇာကို အိန္ဒြေပျက်အောင် ခြေတစ်ဆုံးခေါင်းတစ်ဆုံး လိုက်ကြည့်နေသည်။ မသူဇာက ရိုးရိုး ယဉ်ယဉ်ဖြစ်သော်လည်း ကိုယ်လုံးက အချိုးကျကျ လှပလွန်းသူ ဖြစ်ပါ၏။ ထို့ကြောင့်လည်း ဒီလိုအကြည့်ခံရတာမျိုး မသူဇာအဖို့ ရိုးနေခဲ့ပြီ။

သူမ အရေးသို့ ရောက်လာတိုင်း ယောကျ်ားမှန်သမျှ မသူဇာကို ငေးကြည့်ကြမြဲဖြစ်၍ ခြေအလှမ်းမပျက်။ ငါးဒိုင်သို့ ဝင်သည်။

"ဘယ်သူမှ မရှိကြဘူးလား၊ ကိုမောင်စန်း... မောင်မြ ဘယ်သွားကုန်ကြသလဲနော်.. ခက်လိုက်တာ"

မသူဇာက ပိုင်စိုးပိုင်နင်း အော်ဟစ်ပြီး ဒိုင်ထဲတွင် ရှိနေ သည့်လူရွယ်ကို အကဲခတ်သည်။





"ကျွန်တော်ရှိပါတယ်ခင်ဗျာ"

"နေပါဦး... ရှင်က ဘယ်သူလဲ"

"ကျွန်တော်က မင်းထိန်လွင်ပါ"

"ငါးဒိုင်ကလား"

"ဟုတ်ပါတယ်"

"ဪ... ငါးဒိုင်က စာရေးကို၊ ကျွန်မက ဗီဒီယိုထဲက မင်းသား ဇာတ်ကားလာရိုက်နေတာမှတ်လို့... ဒါဆို ဘာလုပ် နေတာလဲ"

"ခင်ဗျာ..."

"ဘာလဲ... ဒီနေ့ ဒိုင်ပိတ်သလား... ငါးမဝယ်ဘူး လား"

"ဟာ... ဝယ်ပါတယ်၊ ဘာလဲ... ခင်ဗျားက ငါး ရောင်းမလို့လား"

"ရှင်က လူသစ်ပီပီ တော်တော်ဒုံးဝေးတာပဲကို၊ ကျွန်မ က ဒီကိုဘာလာလုပ်ရမှာလဲ... ငါးလာရောင်းတာရှင့်"

"ဒါဆို ရောင်းမယ့်ငါးက ဘယ်မှာလဲ"

"ဒုက္ခပါပဲနော်... ငါးက ဟောဟိုလှေထဲမှာပေါ့၊ ကို မောင်စန်းဆိုရင် မသူဇာရဲ့လှေ မြင်တာနဲ့ ကမ်းစပ်ရောက်နေ ပြီ၊ လှေကို ကမ်းကပ်နေတုန်း ရှိသေးတယ်၊ သူက လှေထဲက ငါးကို သယ်သွားပြီ၊ ဒိုင်ထဲ ရောက်တာနဲ့ ချိန်ပြီးတွယ်ပြီး တွက်



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြီးနေပြီ၊ မသူဇာကို ငမ်းချင်ရင်သာ ရေနွေးတည်လိုက် ထန်းလျက်ကျွေးလိုက် လုပ်တာ. . .”

“ဒါဆို ငါးကို ကျွန်တော် လှေထဲက သွားယူရမှာပေါ့ နော်”

“အလိုတော်. . . ရှင်သွားမယူလို့ဖြစ်မလား၊ ငါးက ကုန်းပေါ်မှာ လမ်းမလျှောက်တတ်ဘူးရှင့်”

မင်းထိန်လွင်လည်း မသူဇာလှေဆီသို့ သွားပြီး ငါးကို ဆွဲယူလာသည်။ အလေ့အကျင့် မရှိ၍ ငါးကို မနိုင်မနင်း ဆွဲယူ လာရသည်။

“ဟင်း. . . ဟင်း. . . မင်းသားလို ကျော့နေတဲ့လူကို များ ဒီလိုနေရာမှာ လာထားပြီး ခိုင်းတဲ့သူဌေးကတော့ အကြီး အကျယ်ကို မှားတာပဲ”

မင်းထိန်လွင်က ငါးကို ကတ္တားပေါ် တင်ပြီး ချိန်တွယ်ပုံ က ကျွမ်းကျင်ကြောင်း သိသာသည်။

“အချိန်အတွယ်ကတော့ ဘယ်ဆိုးလို့လဲ. . . မသူဇာ့ ငါးဘယ်လောက်ရှိလဲဟင်”

“ရှစ်ပိဿာနဲ့ ကိုးဆယ်သား”

“ကိုးပိဿာပဲ ထားလိုက်. . . ပြီးရော”

မသူဇာကို မင်းထိန်လွင် တစ်ချက်လှမ်းကြည့်လိုက် သည်။ နှစ်ယောက်သား အကြည့်ချင်း ဆုံအတွေ့မှာ မသူဇာ၏





ရင်ထဲ လှပ်ခနဲ ဖြစ်သွားရသည်။

“အို. . .”

မသူဇာ ချက်ချင်းပဲ မျက်လုံးကိုလွှဲ၊ အရှက်သည်းသည်း နှင့် ရင်ခုန်နေစဉ် မင်းထိန်လွင်၏အမေးကို ကြားလိုက်ရခြင်းဖြစ် ၏။

“တစ်ပိဿာ ဘယ်လောက်ဖြတ်ရမှာလဲ”

“မသူဇာက ဒီနေ့ပေါက်ဈေး ဘယ်လိုလုပ် သိမှာလဲ၊ ခါတိုင်းဆို ရှင်တို့ဒိုင်ကပဲ ဖြတ်ပေးနေကျ၊ ဘာလဲ. . . ရှင်က ဈေးမသိဘဲ ဒိုင်စာရေး လာလုပ်နေတာပေါ့. . . ဟုတ်လား”

“ဒီနေ့ ပေါက်ဈေးကတော့ ဟောဒီစာအုပ်ထဲမှာ အသင့် ရှိတာပေါ့. . . ဟို. . . မသူဇာ ယူလာတာ ဘာငါးမှန်း မသိလို့ ဈေးမဖြတ်နိုင်တာ. . .”

“သေလိုက်ဖို့ပဲ ကောင်းပါတယ် ဒိုင်စာရေးရယ်၊ အဲဒါ ကသပေါင်းရှင့်. . . သိပလား”

“ကသပေါင်း ဟုတ်လား. . . ဒါဆို. . .”

ထို့နောက် မင်းထိန်လွင်က တွက်ချက်ပြီး မသူဇာ အတွက် ရှင်းပေးရမည့်ငွေကို ရေတွက်ထုတ်ပေးသည်။

“ရော့. . . ကိုးပိဿာနဲ့ တွက်ပေးလိုက်တယ်နော်”

“သားရေကွင်းလေးတစ်ကွင်းလောက်”

သားရေကွင်းကို မင်းထိန်လွင် ထုတ်ပေးလိုက်ရာ မသူ



www.burmeseclassic.com

www.burmeseclassic.com



ဇာက ငွေစက္ကူတွေကို လိပ်ပြီး သားရေကွင်းနှင့် ချည်နှောင်ထားလိုက်ပါသည်။

"မသူဇာ ရေနွေးသောက်သွားပါဦးလား၊ ဒါက မြို့က ဝယ်လာတဲ့ အုန်းထန်းလျက်၊ စားပါ. . . အားမနာနဲ့. . . ယူထားပါ"

"ဘာလဲ. . . ရှင်က ကိုမောင်စန်းလို မသူဇာကို ငမ်းချင်လို့လား"

"အဲသလို မဟုတ်ပါဘူးဗျာ. . . ဒါပေမယ့်"

မင်းထိန်လွင်က စကားကို ရပ်ထားပြီး ဓါတ်ဘူးထဲက ရေနွေးကြမ်းကို မသူဇာအတွက် ငှဲ့ပေးနေ၏။ မသူဇာကလည်း ခုံတစ်လုံးပေါ်မှာ ဝင်ထိုင်လိုက်ပါသည်။

"ဒါပေမယ့်. . . ဘာဖြစ်လဲ ဆက်ပြောလေ"

"ဟို. . . မသူဇာကလည်း ယောကျ်ားတွေ ငမ်းချင်လောက်အောင် လှနေတာပဲ၊ ရော့ပါ. . . အုန်းထန်းလျက်တစ်ခဲလောက်တော့ စားပါ"

မသူဇာက ထန်းလျက်ပန်းကန်ကို ကြည့်ပြီး ပြုံးလိုက်သည်။ မင်းထိန်လွင်က မသူဇာ၏အပြုံးကို အဓိပ္ပါယ်မဖော်နိုင်ဖြစ်သွား၏။

"မသူဇာ. . . ဘာဖြစ်လို့ ပြုံးလိုက်တာလဲ"

"ဩော်. . . မယူလိုက် မိုက်လို့ထင်၊ ယူလိုက်ပြန်က





ကြိုက်လို့ထင်ဆိုတဲ့စာကို သတိရလိုက်လို့ပါ. . ."

ပြောအပြီးမှာပင် မသူဇာက ထန်းလျက်တစ်ခဲကို ကောက်ယူစားလိုက်ပါသည်။

"ကောင်းလိုက်တာ. . . ချိုဆိမ့်နေတာပဲ"

ရိုးသားပွင့်လင်းလှသော မသူဇာ၏ပြောပုံဆိုပုံတွေကို မင်းထိန်လွင်၏ရင်မှာ စွဲငြိသွားသည်။ မသူဇာ၏လှုပ်ရှားမှုတွေကို မင်းထိန်လွင် ငေးမောကြည့်နေစဉ်မှာ. . .

"မသူဇာ. . . ငါးလာရောင်းတာလား"

ငါးဒိုင်အတွင်းဘက်မှ ကိုမောင်စန်း ထွက်လာပြီး မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ် ကိုမောင်စန်း၊ မသူဇာက အေရာကို ငါးလာမရောင်းဘဲ ဘာလာလုပ်ရမှာလဲ"

"ငါ့ကို သတိရလို့ လာလည်သလားလို့ပါ"

"တော်စမ်းပါ. . . ဟောဒီစာရေးအသစ်က ရေနွေးလည်း တိုက်တယ်. . ထန်းလျက်လည်း ကျွေးနေတာနဲ့ မသူဇာမပြန်ဖြစ်သေးတာ"

"ဟဲ့. . . မင်းထိန်လွင်က စာရေးမဟုတ်ဘူး မသူဇာရဲ့၊ အဲဒါ ဦးတင့်လွင်ရဲ့သား ကောလိပ်ကျောင်းသားလေ"

"အို. . . အားနာစရာ ကောင်းလိုက်တာနော်. . ရှင့်ကို မသူဇာက ဒိုင်စာရေးမှတ်လို့"



www.burmeseclassic.com

www.burmeseclassic.com



မသူဇာ ထိုင်ရာမှ ဆတ်ခနဲ ထလိုက်၏။ ထန်းလျက်တစ်ခဲကို နှိုက်ပြီး ဒိုင်ထဲက ထွက်ပြေးသွားတော့သည်။

၆ ၆ ၆ ၆

နောက်တစ်ကြိမ် အေရာငါးဒိုင်သို့ မသူဇာ လှေနှင့် ရောက်သွားသောအခါ ကမ်းပေါ်တွင် မင်းထိန်လွင်က လှေနား အပြေးရောက်လာပြီး လှေထဲက ငါးကြီးကို ဆွဲယူတော့သည်။ မသူဇာက လှေကြိုးကို ကမ်းပေါ်က ငုတ်တိုင်နှင့် တွဲ၍ချည်နှောင်ရင်း . . .

"အားနာစရာကောင်းလိုက်တာနော်"

"ကျွန်တော့်ကို အားနာနေတာလား"

"အင်းပေါ့ . . . မသူဇာက ရှင့်ကို ဒိုင်စာရေးလို့ ထင်ခဲ့တာရှင့်"





"အခု ဒိုင်စာရေးဟာ ကျွန်တော်ပဲ"

"အို . . . ရှင်က သူဌေးသားပဲ၊ ဘာဖြစ်လို့ ဒိုင်စာရေး လုပ်မှာလဲ"

"ဘာဖြစ်လို့ ဒိုင်စာရေး လုပ်တယ်ဆိုတာ မသူဇာ သိချင်လား"

"ကဲပါ . . . ဆွဲထားရတဲ့ငါးက လေးလှပြီ၊ ယူသွားပြီး ချိန်နှင့်လေ ဒိုင်စာရေးရဲ့"

မင်းထိန်လွင် ငါးကို ကတ္တားပေါ် တင်ပြီး ချိန်နေစဉ် အနားသို့ မသူဇာ ရောက်လာသည်။

"ကဲ . . . ပြောလို့ရပြီ၊ ရှင်ဘာဖြစ်လို့ ဒိုင်စာရေး လုပ်တာလဲ"

"မသူဇာနဲ့ တွေ့ရအောင်လို့ပေါ့"

"ဒါဆို ရှင် ရေလိုက်အလွဲကြီး လွဲသွားပြီ"

"ဘာဖြစ်လို့လဲ"

"မသူဇာကို တွေ့ချင်ရင် ငါးဒိုင်က ထိုင်စောင့်နေတာထက် ကိုင်းသောင်ကို လိုက်လာရင် တွေ့ရမှာပဲဟာ၊ အစ်ကိုကလည်း သဘောကောင်းပါတယ်"

"ဒါဆို ကျွန်တော် ကိုင်းသောင်ကို လာခွင့်ရှိတာပေါ့နော်"

မသူဇာက ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ မင်းထိန်



www.burmeseclassic.com

www.burmeseclassic.com



လွင်က တွက်ချက်ပြီး ငွေထုတ်ပေးလိုက်၏။

"သားရေကွင်း ပေးဦးလေ"

မင်းထိန်လွင်က သားရေကွင်းတစ်ကွင်းကို ထုတ်ပေးရာ မသူဇာက ငွေစက္ကူတွေကို လိပ်ပြီး သားရေကွင်းနှင့် ချည်သည်။ မင်းထိန်လွင်က သူမ၏လှုပ်ရှားမှုများကို ငေးကြည့်နေ၏။

"ရေနွေးကြမ်း မတိုက်တော့ဘူးလား"

"ရေနွေးကြမ်းလည်း တိုက်ပါ့မယ်၊ မသူဇာကြိုက်တဲ့ အုန်းထန်းလျက်လည်း ဝယ်ထားတယ်၊ အများကြီး စားရမယ် နော်"

"ဘာလဲ. . . မသူဇာကို အကြာကြီး ကြည့်နေချင်တယ် ပေါ့. . . ဒီလိုလား"

"မသူဇာ ကိုင်းသောင်ပြန်ရင်လည်း လိုက်ပို့ချင်တယ်"

မသူဇာ အေးရာမှ ပြန်သောအခါ မင်းထိန်လွင်က ပဲ့ထောင်နှင့် ကိုင်းသောင်သို့ လိုက်ပို့ခဲ့သည်။ သူမ၏လောင်းလှေကိုတော့ နောက်မှ ကြိုးနှင့် ဆွဲသွား၏။ ကျွန်းပေါ်သို့ သူတို့နှစ်ယောက် တက်သွားသောအခါ အထူးအဆန်းသဖွယ် ဝိုင်းကြည့်ခြင်း ခံရလေသည်။ မင်းထိန်လွင်က ခြေလှမ်းပျက်နေပါသော်လည်း မသူဇာကတော့ ပေါ့ပါးရွှင်ပျပြီး ခြေသွက်နေလေ၏။

ၜ ၜ ၜ ၜ





ထိုသို့ တွေ့ကြဆုံကြရင်း မကြာမီမှာပင် မင်းထိန်လွင်နှင့် မသူဇာတို့ တစ်ဦးကိုတစ်ဦး ယုံကြည်စွာပင် ချစ်သူများ ဖြစ်သွားခဲ့ကြသည်။

"မောင့်ကို မသူဇာ အချစ်တွေအားလုံး ပေးခဲ့ပြီနော်၊ မသူဇာအပေါ် သစ္စာမဖောက်ရဘူး"

"အဲဒီစကားကို မပြောပါနဲ့လား မသူဇာ၊ မောင်က မသူဇာကို ချစ်လို့တောင် မဝသေးပါဘူး၊ မောင့်အချစ်ကို ယုံကြည်လိုက်ပါ မသူဇာရယ်"

"မောင့်ကို ယုံတယ် မောင်. . . ဒါပေမယ့် မောင့်မိဘ အသိုင်းအဝိုင်းက မသူဇာကို လက်ခံမှာ မဟုတ်ဘူး မောင်. . ."

"မသူဇာကို ချစ်တာ မောင်ပါ၊ မောင်တို့အနာဂတ်မှာ မောင့်မိဘတွေ မောင်တို့နှစ်ယောက်ကို မကြည်ဖြူလည်း မောင် ဂရုမစိုက်ပါဘူး၊ မသူဇာအနားမှာ မောင်တစ်သက်လုံး ရှိနေရင်



www.burmeseclassic.com

www.burmeseclassic.com



လုံလောက်ပြီမဟုတ်လား”

မင်းထိန်လွင် ရင်ခွင်ထဲသို့ မသူဇာ တိုးဝင်ဖက်ထား လိုက်သည်။

မသူဇာနှင့် မင်းထိန်လွင်တို့နှစ်ဦး အချစ်ရိပ်မှာ ကြည်နူး နေစဉ် ပြေးလာသောခြေသံတွေကို ကြားလိုက်ကြရသည်။

“မောင်. . . ဟိုမှာ”

“ဟင်. . . အဖေတို့ လိုက်လာကြတာပဲ မသူဇာ”

“မောင့်အဖေ ဟုတ်လား၊ မသူဇာ ကြောက်တယ် မောင်”

“မကြောက်ပါနဲ့. . . မောင်တစ်ယောက်လုံး ရှိနေတာပဲ ဟာ”

မင်းထိန်လွင်က သူ့ဖခင် ဦးတင့်လွင်နှင့် နောက်လိုက် များကို မတ်မတ်ရပ်၍ ရင်ဆိုင်လိုက်သည်။ မသူဇာကတော့ သူ့ကျောဘက်မှာ ကြောက်ရွံ့ပုန်းကွယ်နေရှာသည်။ ဦးတင့်လွင် အသံမှာ ဒေါသအပြည့်ပါနေ၏။

“ဟေ့ကောင်. . . မင်းဘာလုပ်နေတယ်ဆိုတာကို မင်း သိရဲ့လား”

“အဖေ. . . သားတို့ကို သဘောမတူရင်နေပါ. . . အနှောင့်အယှက် မပေးပါနဲ့နော်၊ သား မသူဇာကိုပဲ ယူပါရစေ”

“ဟဲ့ကောင်မလေး. . . လာစမ်း၊ ငါမေးတာ မှန်မှန်ဖြေ





မလား”

“ဟုတ်. . . ဟုတ်ကဲ့. . . မှန်မှန်ဖြေပါ့မယ်”

“မင်း ငါ့သားကို တကယ်ချစ်တာလား”

“ဘုရားပေးပေး ကျမ်းပေးပေးပါ သူဌေးရယ်၊ ကျွန်မ မောင့်ကို တကယ်ချစ်တာပါရှင်”

“တကယ်ချစ်တယ်ဆိုရင် ငါ့ရှေ့လာခဲ့စမ်း”

“သွားလိုက် မသူဇာ. . . သွားလိုက်ပါ”

မင်းထိန်လွင်က တိုက်တိုက်တွန်းတွန်း ရှိသဖြင့် မသူဇာ လည်း ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် ဦးတင့်လွင်ရှေ့သို့ ရောက် သွားရသည်။

“မသူဇာ မောင့်ကို တကယ်ချစ်တာပါရှင်”

“ချစ်ဦးကွာ”

“ဖြန်း. . .”

ပြင်းထန်သောရိုက်သံကို ကြားလိုက်ရပြီး မသူဇာ မြေပြင်ပေါ် လဲကျသွားရသည်။

“အဖေ ဘယ်လိုလုပ်လိုက်တာလဲ”

“ဒီကောင့်ကို ခေါ်သွားစမ်း”

ဦးတင့်လွင်၏တပည့်များက မင်းထိန်လွင်ကို ဖမ်းချုပ် ခေါ်ဆောင်သွားကြ၏။

“မသူဇာ. . . မသူဇာ”



www.burmeseclassic.com

www.burmeseclassic.com



"မောင်. . . မောင်"

"လိုက်ဝံ့ လိုက်ခဲ့စမ်း. . . ငါ့သားက နင်နဲ့ တန်လို့လား၊ နောက်တစ်ခါ ငါ့သားနဲ့ အတူတွေ့ရင် နင့်ကို အသတ်ပဲ. . . မှတ်ထား"

ထိုမီးပွားက ဆက်လက်လောင်ကျွမ်းခဲ့ပါသည်။ အစ်ကို ဖြစ်သူ ကျော်စွာရှေ့ မသူဇာ ရောက်သောအခါ မျက်နှာပေါ်က ဒဏ်ရာကို တွေ့သွားတော့သည်။

"ပြောစမ်း. . . နင့်ကို ဘယ်သူရိုက်လွှတ်လိုက်သလဲ၊ ဟိုအေရာကကောင် မဟုတ်လား"

"မဟုတ်ပါဘူး အစ်ကို၊ မင်းထိန်လွင်က ညီမလေးကို





လက်ဖျားနဲ့တောင် မတို့ပါဘူး"

"ဒါဆို နင့်မျက်နှာပေါ်က ဒဏ်ရာ ဘယ်လိုလုပ် ရလာသလဲပြော၊ မပြောရင် နင်နဲ့ငါနဲ့ အတွေ့ပဲ"

"သူဌေး ရိုက်လွှတ်လိုက်တာ"

"ဘာ. . .! သူက ဘာဖြစ်လို့ ညီမလေးကို ရိုက်လွှတ်ရတာလဲ"

"သူ့သားနဲ့ မသူဇာကို သဘောမတူနိုင်ဘူးတဲ့. . . ညီမလေးတို့ ချစ်နေကြပြီ အစ်ကို"

"မိုက်လှချည်လား မသူဇာရယ်၊ သူတို့က မြို့မှာ နေတဲ့ သူဌေးတွေ၊ ငါတို့က ဆင်းရဲသား၊ သူ့သားနဲ့ညီမလေးကို ဘယ် သဘောတူပါ့မလဲ"

"အချစ်မှာ ပိုက်ဆံရှိဖို့ လိုသလား အစ်ကို၊ ဆင်းရဲသားက မချစ်ရတော့ဘူးတဲ့လား"

"ဘာပဲဖြစ်ဖြစ် အဲဒီကောင်ကို မေ့ပစ်လိုက်ပါ။ အဆက်အသွယ်လည်း ဖြတ်လိုက်ပါကွာ၊ တိတ်. . . တိတ်. . . မငိုနဲ့တော့၊ အစ်ကို့စကား နားထောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မနက်မှာ ကိုင်းသောင်ကျွန်းဆီသို့ ဦးတင့်လွင်နှင့် နောက်လိုက်များ ပဲ့ထောင်ဖြင့် ရောက်သွားကြသည်။ သောင်စပ်မှာ ပဲ့ထောင်ထိုးရပ်လိုက်သည်နှင့် ဦးတင့်လွင်က ရှေ့ဆုံးက ခြေလှမ်းသွက်သွက် လှမ်းသွားနေ၏။ သူ့ခြေလှမ်းတွေက မသူဇာတို့မောင်နှမရှိရာ တဲဆီသို့ ဦးတည်နေလေသည်။ ကျော်စွာတို့တဲရှေ့သို့ အုံနှင့်ကျင်းနှင့် ရောက်သွားကြပြီ။

"ကျော်စွာ. . ဟေ့ကောင် ကျော်စွာ၊ ခုချက်ချင်း ထွက်ခဲ့စမ်း"

တဲရှေ့မှ ဦးတင့်လွင် .ဒေါသတကြီးနှင့် အော်ဟစ်နေခြင်းဖြစ်၏။ တဲအိမ်ထဲက ကျော်စွာ ထွက်လာသည်။ ဦးတင့်လွင်ကို တွေ့သောအခါ တည်တည်ငြိမ်ငြိမ်နှင့်ပင် ရင်ဆိုင်လိုက်သည်။

"ဘာကိစ္စရှိလို့လဲ ဦးတင့်လွင်"





"မင်းနှမ မသူဇာ ဘယ်မှာလဲ"

"ကျွန်တော်လည်း အဲဒါကိုပဲ သိချင်နေတာပါ၊ ခါတိုင်းဆို ကျွန်တော် ပင်လယ်က ပြန်လာရင် ထမင်းကြမ်း နယ်ပြီးစောင့်နေကျ၊ ဒီနေ့ သူမရှိဘူး၊ ဘယ်သွားသလဲဆိုတာလည်းမသိဘူး"

"ငါ့သားလည်း ပျောက်နေတယ်. . .ညကတည်းကပျောက်နေတာ"

"အဲဒီတော့ ကျွန်တော်က ဘာလုပ်ပေးနိုင်မှာလဲ ဦးတင့်လွင်ရယ်၊ ခင်ဗျားတို့ ကျွန်တော့်ဆီမှာ အချိန်လာဖြုန်းနေတာပဲ"

"ငါ့သားကို မင်းညီမ ခိုးပြေးတာ၊ မင်းညီမနဲ့ငါ့သား တူသလား တန်သလား ကျော်စွာ၊ ခု ဘယ်လိုလုပ်ကြမှာလဲ"

"ခင်ဗျားဘာဖြစ်ချင်သလဲဆိုတာ ပြောပါ"

"ငါ့သားကို ငါ့လက်ထဲ ပြန်အပ်ပါ၊ မင်းညီမအတွက် ငါလျော်ကြေးပေးမယ်ကွာ"

"ခင်ဗျား တော်တော်တရားမဲ့တဲ့လူပဲ၊ ခင်ဗျားပေးမယ့်ငွေတွေကို ကျွန်တော်နည်းနည်းမှ စိတ်မဝင်စားပါဘူး"

"ဟေ့ကောင်. . . အပိုတွေ ပြောမနေနဲ့၊ ငါ့သား ဘယ်မှာရှိသလဲ၊ ခုချက်ချင်း ငါ့ကို ပြန်အပ်ပါ"

"သူတို့ ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော်မသိဘူး၊ သိရင်လည်း ခင်ဗျားသားကို လွယ်လွယ်နဲ့ ပြန်ရလိမ့်မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



မထင်နဲ့ ဦးတင့်လွင်”

“တောက်. . . မင်းသေသွားချင်သလား”

ကျော်စွာက အုန်းတုံးပေါ်မှာ စိုက်ထားသည့် ရဲဒင်းကို ဆွဲနှုတ်ယူလိုက်သည်။

“ခင်ဗျား အသက်ချင်း ထပ်ရဲမှ ဒီစကားပြောပါ၊ မသေရဲရင် လှည့်ပြန်သွားပေတော့”

၅ ၅ ၅ ၅

နောက်တစ်နေ့မနက်မှာ အရွာရွာတစ်ရွာလုံး အုံးအုံးကျွတ်ကျွတ် ဖြစ်သွားလေသည်။ သူဌေးဦးတင့်လွင်၏သား မင်းထိန်လွင်၏ ခေါင်းမရှိသည့် ခန္ဓာကိုယ်ကြီးကို သောင်ပြင်ပေါ်တွင် တွေ့ကြရခြင်းကြောင့်ဖြစ်သည်။

ညက ရေထရက် ဖြစ်၍ မနက်လင်းသောအခါ သောင်





ပြင်ပေါ်မှာ ဘယ်ခြေရာမှ မကျန်အောင် ဒီရေက တက်လာပြီး ဖျက်သွားခဲ့သည်။ ထူးဆန်းသည်က မင်းထိန်လွင်၏ဦးခေါင်းပိုင်းကို ဘယ်နေရာမှာမှ ရှာ၍မတွေ့ကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၁)

မစိုးစိုးမြင့် ပြန်ပြောပြသော ဇာတ်လမ်းက မမိုးစွေတို့ကို ဖမ်းစားထားနိုင်ခဲ့သည်။

"အဲဒီမင်းထိန်လွင် အသတ်ခံရပြီးတဲ့နောက်ပိုင်း မောင်ကျော်စွာတို့ မောင်နှမလည်း ကိုင်းသောင်က ပျောက်သွားခဲ့တယ်၊ သူတို့ရဲ့ခပ်တက်သမ္ဘာန်က ကိုင်းသောင်မှာ ရှိနေပြီး လောင်းလှေကိုတော့ ပင်လယ်ထဲမှာ မျောနေတာ တွေ့ကြရတယ်"

"သူတို့နှစ်ယောက် ရေထဲ ခုန်ဆင်းသွားကြတာပဲ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရေနစ်သေတာဆိုရင် အလောင်းတွေ ပေါ်လာမှာပေါ့ နုနုရဲ့. . . မဟုတ်ဘူးလားဟင် မမစိုး"

"သူတို့ ဘယ်လိုသေသွားတယ်ဆိုတာ ဘယ်သူမှ မသိလိုက်ကြပေမယ့် သူတို့ သေသွားခဲ့တာတော့ သေချာနေပြီပဲ"

"ဟုတ်တယ်. . . ညည ခေါင်းပြတ်ကြီး ကိုင်ပြီး လိုက်လိုက်ခြောက်နေတဲ့ သရဲမ,ဟာ မသူဇာပဲ ဖြစ်မှာ. . . ခေါင်းပြတ်ကြီးက မင်းထိန်လွင်ခေါင်းကြီးပဲ"

"နေပါဦး. . . နုနုက အခြောက်ခံရဖူးလို့လား"

"နုနုက အခြောက်မခံရပါဘူး၊ သူများတွေ ပြန်ပြောပြလို့ သိနေတာပါ. . . နုနုသာ အခြောက်ခံရရင် နေရာမှာတင် အသက်ထွက်သွားမှာပဲ မိုးစွေ. . ."

"နေဦး. . . နေဦး"

မစိုးစိုးမြင့်၏အတားအဆီးကြောင့် မမိုးစွေတို့ နှစ်ယောက် ပါးစပ်တွေ ပိတ်သွားကြသည်။

"စောစောက မိုးစွေကျောင်းထဲမှာ မြင်လိုက်ရတာ မိန်းမတစ်ယောက်နဲ့ကလေးတစ်ယောက်နော်. . ."

"ဟုတ်တယ် မမစိုး. . . ခပ်ရွယ်ရွယ်မိန်းမတစ်ယောက်ပဲ၊ အသက်သုံးဆယ်ကျော်လောက် ရှိမလားပဲ"

"အင်း. . . အဲဒါဆို ဒီကျောင်းထဲမှာ သေသွားတဲ့ ကျောင်းစောင့်လင်မယားထဲက ဖြစ်နိုင်တယ်. . . သူတို့ မိသားစု





သုံးယောက်လုံး သေသွားကြတာ"

"သရဲအခြောက်ခံရလို့လားဟင် မမစိုး"

နုနုဝေက မေးလိုက်ခြင်းဖြစ်သည်။ သူ့အမူအရာက အထိတ်တလန့် ရှိနေ၏။ မစိုးစိုးမြင့်ကတော့ အေးအေးဆေးဆေးပင် ရှင်းပြသည်။

"တစ်ရွာလုံးကတော့ အဲဒီလိုပဲ ပြောကြတယ်၊ တစ်ချိန်က ဒီကျောင်းကြီးဟာ ရေလုပ်သားအစည်းအရုံး ရုံးခန်းပဲ၊ နေ့ခင်းကြောင်တောင် သရဲခြောက်တယ်ဆိုပြီး နာမည်ကြီးပေါ့၊ နောက်ပိုင်းမှာ သူတို့လင်မယားကို ညစောင့်ထားပြီး သိပ်မကြာလိုက်ပါဘူး၊ မိသားစုသုံးယောက်လုံး အတူသေသွားကြလို့ ရုံးခန်းရွှေ့သွားကြတယ်၊ နောက်ဆုံးမှ ကျောင်းဖြစ်သွားတာ"

"ဒါဆို ဟုတ်ပါပြီ. . ."

"ဘာဟုတ်တာလဲ နုနုရဲ့. . ."

"မနှစ်ကပေါ့. . . ဒီကျောင်းမှာ နုနု သရဲခြောက်ခံရတာပါ. . . သေချာတယ်"

"သရဲခြောက်ခံရတယ် ဟုတ်လား၊ ဘာဖြစ်လို့ ခုမှပြောရတာလဲ"

"အဲဒီတုန်းက ကိုလက်ျာကို နုနုပြောပါတယ်၊ သူက အလကားပါ. . . ကျောင်းထဲမှာ ဘယ်က သရဲရှိမှာလဲလို့ ပြောတယ်လေ၊ ဒါကြောင့် နုနုလည်း သရဲခြောက်တာလို့ မထင်တော့



www.burmeseclassic.com

တာ မမစိုးရဲ့"

"အဲဒီဆရာက ဒီကျောင်းထဲမှာ တစ်ယောက်တည်း အိပ်တယ်ဆို"

"ဟုတ်တယ် မိုးခွေရဲ့၊ တစ်ယောက်တည်း အိပ်တာ"

"သူ့ကိုကော သရဲမခြောက်ဘူးလား"

"ဘယ်သူသိမှာလဲ. . . သူကတော့ အခြောက်ခံရပါတယ်လို့ မမစိုးတို့ကို တစ်ခါမှ မပြောဖူးဘူး၊ နုနု. . . မနှစ်က ကျောင်းထဲမှာ ဘယ်လိုအခြောက်ခံရတာလဲ၊ မမစိုးတို့ကို ပြောပြစမ်း"

"အဲဒီတုန်းက စာမေးပွဲတွေ နီးနေလို့ အချိန်ပို ခေါ်သင်ရင်း မိုးချုပ်သွားတာလေ"

ယမန်နှစ် ထိုနေ့က နုနုဝေ ဇောနှင့် သင်ကြားနေရင်း တဖြည်းဖြည်း အလင်းရောင်က သိသိသာသာ နည်းလာသည်။ မှောင်ရီပိုးတဝါး ဖြစ်နေပြီ။ ကျောင်းသားတစ်ယောက် သတိပေးလိုက်၏။

"ဆရာမ. . . မှောင်နေပြီ၊ သားတို့ ဘာမှမမြင်ရတော့ဘူး"

"အေးအေး. . . ဒါဆို. . . စာအုပ်တွေသိမ်း၊ ဘာမှ ကျောင်းမှာ မကျန်ခဲ့စေနဲ့. . . မနန္ဒာနဲ့ မေမြတ်နိုးက ဆရာမနဲ့မှ ပြန်ကြနော်"





ခုနစ်တန်းကျောင်းသားတွေ ပြန်ရန် အုပ်စုလိုက် လူတွဲနေကြပြီ။ လေးယောက်တစ်တွဲ၊ ငါးယောက်တစ်တွဲ။ မောင်မင်းသူက တစ်ယောက်တည်း ဖြစ်နေပါ၏။

"ဆရာမ. . . ကျွန်တော်တစ်ယောက်တည်း မပြန်ရဲဘူး"

"မောင်မင်းသူ. . . မင်းက ကျောင်းသားကြီး လုပ်နေပြီး ဘာကြောက်တာလဲ ပြောစမ်း"

"သရဲ. . ဆရာမ. . သရဲကြောက်တာ. . ကျွန်တော်ပြန်ရမယ့်လမ်းက တအားခြောက်တာ. ."

"အောင်မော်တို့အုပ်စုက မောင်မင်းသူကို ခေါ်သွားလိုက်ပါကွယ်၊ သူ့ကို အရင်ဝင်ပို့လိုက်ကြ"

"ဆရာမ. . . သမီးတို့ သွားပြီ"

"ဆရာမ. . . သားတို့ သွားပြီ"

တစ်သုတ်ပြီးတစ်သုတ် အိမ်ပြန်သွားကြသည်။ ကျောင်းထဲမှာလည်း အမှောင်ထုက သိပ်သည်းလာလေ၏။ အပြင်ဘက်မှာတော့ ညီအစ်ကို မသိတသိအချိန်၊ အလင်းကျဲကျဲပါးပါး ရှိနေဆဲ။ တစ်ကျောင်းလုံး နုနုဝေနှင့်အတူ ကျောင်းသူနှစ်ယောက်သာ ကျန်ရစ်သည်။

"ဆရာမ မှောင်လာပြီ. . . မပြန်သေးဘူးလားဟင်"

"ဆရာ ကိုလက်ျာကို စောင့်ရဦးမယ်လေ၊ သူ ဆရာမ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို သွားပို့တာ ပြန်လာတော့မှာပါ၊ ဆရာမတို့ကို သူလိုက်ပို့လိမ့်မယ်၊ နေဦး. . . ဆရာမ မီးအိမ်ထွန်းပေးမယ်"

"ဆရာမ. . . ဟိုဘက်ခန်းက ခြေသံတွေ ကြားတယ်၊ ဘယ်သူမှလဲ မရှိဘဲနဲ့"

"မြတ်နိုးလည်း ကြားတယ် ဆရာမ၊ သုံးလေးယောက် လျှောက်သွားတဲ့ခြေသံတွေ"

ကျောင်းသူနှစ်ယောက် ကြောက်ရွံ့နေချိန်မှာ နုနုဝေက မှန်မီးအိမ်ကို ထွန်းညှိပြီးသွားသည်။ မီးစာကို မြှင့်တင်လိုက်၍ အခန်းထဲတွင် အလင်းရောင်က ထိန်သွားသည်။

"ကြည့်လိုက်. . . ဟိုဘက်အခန်းမှာ ဘယ်သူမှမရှိဘူး မဟုတ်လား"

နုနုဝေ ပြောလိုက်သလိုပင် တစ်ဘက်ခန်းမှာ ဘာမှမရှိသည်ကို ထင်းထင်းရှင်းရှင်း မြင်နေရသည်။

"ဆရာကလည်း မြန်မြန်ပြန်လာတာ မဟုတ်ဘူး၊ နန္ဒာတို့ ကြောက်လှပြီ"

"မနန္ဒာ ဘာမှမပြောနဲ့၊ ဒီကျောင်းထဲမှာ ဘာမှကြောက်စရာ မရှိဘူး၊ ဆရာမတစ်ယောက်လုံး ရှိနေတာပဲဟာ. . ."

"ဝုန်း"

ထိတ်လန့်ဖွယ် အသံကျယ်ကြီးကို အားလုံးကြားလိုက်ကြရသည်။ ပိတ်ထားသောပြတင်းတံခါးနှစ်ချပ် ပွင့်ထွက်သွား





ခြင်းဖြစ်ပါ၏။

"ဆရာမ သရဲခြောက်တာနဲ့တူတယ်"

ပြောလည်းပြော လူတွေလည်း နုနုဝေအနားကို ရွှေ့လာကြသည်။

"ဘယ်က သရဲရမှာလဲ"

"ဝုန်း"

နောက် ပြတင်းပေါက်တစ်ခု ထပ်ပွင့်သွားခြင်းဖြစ်သည်။

"ယောက်ျားလေးတွေဟာလေ. . . တံခါးတွေကို သေသေချာချာ ပိတ်မထားခဲ့ဘူး. . ."

"ဝုန်း. . . ဝုန်း. . . ဝုန်း"

ပြတင်းရှိသမျှအားလုံး တဝုန်းဝုန်းနှင့် တံခါးရွက်တွေ ရိုက်နေလေ၏။ နုနုဝေကိုယ်တိုင်ပင် ကြောက်စိတ်က အရေပြားပေါ်မှာ ရွရွပြေးလွှားနေပြီ။ ရုတ်တရက် ဖန်မီးအိမ်အတွင်းက မီးစာငြိမ်းသွားသည်။ အခန်းထဲမှာ အမှောင်ပြန်လည်ဖုံးလွှမ်းသွားလေ၏။

"ဆရာမ"

မနန္ဒာနှင့်မေမြတ်နိုးက နုနုဝေကို ဖက်တွယ်လို့ထားသည်။ အမှောင်ထဲမှာ တပည့်နှစ်ယောက်ကို နုနုဝေ တင်းတင်းပြန်ဖက်ထားလိုက်သည်။ အမှောင်ထဲမှာ တိတ်ဆိတ်ခြင်းက ပို၍ကြောက်စရာကောင်းနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝုံ . . အူ . . အူ . . အူး"

"ဆရာမ . . . ခွေးတွေ အူနေပြီ"

"အူတော့ ဘာဖြစ်လဲ"

"သရဲတွေ့လို့ အူတာတဲ့"

"ဝုတ် . . ဝုတ် . . ဝုတ် . . ဝုတ်"

တဖြည်းဖြည်း ခွေးဟောင်သံက ကျောင်းဆီသို့ ဦးတည်ပြီး နီးနီးလာနေပြီ။

"ဆရာမ . . . သမီးတို့ ကြောက်တယ်"

ဆရာမနုနုဝေ သူမ၏တပည့်များကို နှစ်သိမ့်စကား ရှာနေစဉ်မှာပင် ဆရာလကျ်ာအောင်၏အသံကို ကြားလိုက်ရခြင်းဖြစ်သည်။

"ကျောင်းပေါ်မှာ ဘယ်သူမှ မရှိကြဘူးလား . . မှောင်မဲနေတာပဲ"

"ရှိတယ် ဆရာ . . . နုနုတို့ ရှိတယ် . . . အခုလေးတင်မီးအိမ်ငြိမ်းသွားလို့ . . ."







အခန်း(၁၂)

"အဲ ဒီညကလေ . . . နုနုတို့ လိပ်ပြာလွင့်မလောက် ကြောက်ခဲ့တာ၊ ဆရာလကျ်ာအောင် အချိန်မီ ရောက်လာလို့၊ မဟုတ်ရင် အကြောက်လွန်ပြီးသေမှာ"

နားထောင်နေသော မမိုးစွေ ကြောက်စိတ်ဝင်နေပြီ။ ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် အခန်းလွတ်များဆီသို့ လှျောက်ကြည့်သည်။ မမိုးစွေတစ်ကိုယ်လုံးရှိ သွေးတွေ အေးခဲမလို ဖြစ်သွား၏။ တစ်ဖက်စာသင်ခန်းအလွတ်ထဲမှာ မျက်နှာကျက်မှ က တွဲလောင်းကျနေသော ခြေထောက်နှစ်ချောင်းကြီးတွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ ထိုနေရာသို့ လက်ညှိုးထိုးမိလျက်သား ဖြစ်သွားပြီ။

"ဟို. . ဟို. ."

"မိုးစွေ. . . မိုးစွေ. . . ဘာဖြစ်တာလဲ"

မမစိုး၏အသံကို ကြားနေရသည်။ မမိုးစွေ လှုပ်မရအောင် တစ်ကိုယ်လုံး တောင့်တင်းနေ၏။ မစိုးစိုးမြင့်က မမိုးစွေကို ကိုင်လှုပ်နေသည်။

"မိုးစွေ. . မိုးစွေ"

မမိုးစွေမြင်နေရသော ခြေထောက်နှစ်ချောင်း ပျောက်သွားသည်။ သူမအသံလည်း ပြန်ထွက်လာ၏။

"ဟိုအခန်းထဲမှာ. . . ဟိုအခန်းထဲမှာ"

"မိုးစွေဘာမြင်လိုက်လို့လဲ"

"ခြေထောက်ကြီးနှစ်ချောင်း တွဲလောင်းကျနေတာ. . . လှုပ်တောင်နေတယ်"

"ဘယ်မှာလဲ မိုးစွေရဲ့၊ ဘာခြေထောက်မှ မမစိုးတို့ မမြင်ရဘူး"

"မိုးစွေ တကယ်မြင်လိုက်ရတာပါ မမစိုးရယ်. . . သိပ်ကြောက်စရာကောင်းတာပဲ"

မစိုးစိုးမြင့်က အဖြစ်သည်းပြီး အကြောက်လွန်နေသော မမိုးစွေကို စေ့စေ့ကြည့်သည်။ စိတ်ပျက်လက်ပျက် ခေါင်းကို အကြိမ်ကြိမ် ခါယမ်းသည်။ မမိုးစွေခမျာ သွေးဆုတ်ပြီး တစ်ကိုယ်





လုံး ဖြူဖတ်ဖြူရော် ဖြစ်နေရသည်။

"မိုးစွေကို ကြည့်ရတာ သိပ်ကြောက်နေပုံပဲ"

"မမစိုးသာ မိုးစွေလို တွေ့လိုက်ရရင် မမစိုးကြောက်မှာပဲ"

"မမစိုးက အေရာမှာမွေး. . . အေရာမှာပဲ ကြီးခဲ့တာပါ၊ ဒီရွာမှာလေ. . . လူပြောသူပြောအရဆိုရင် တစ္ဆေသရဲတွေ ချည်းပဲ၊ လူနေစရာ မရှိအောင်တောင် တစ္ဆေသရဲ များတာ၊ ဒါပေမယ့် ခုချိန်ထိ တစ္ဆေသရဲတစ်ကောင်မှ မမစိုး မတွေ့ဖူးသေးဘူး၊ အခြောက်လည်း မခံရဖူးဘူး၊ မင်းတို့က ဘာဖြစ်လို့ ဒီလောက် ကြောက်နေသလဲဆိုတာကိုလည်း နားမလည်ဘူး"

"ဆရာမကြီး. . . ဆရာမကြီး"

ခေါ်သံကြောင့် မမိုးစွေတို့အားလုံး အပြင်သို့ ကြည့်လိုက်ကြသည်။ လက်ဆွဲအိတ်ကိုယ်စီဆွဲလာကြသော မိန်းကလေး နှစ်ယောက်ကို မမိုးစွေ တွေ့လိုက်ရသည်။ နုနုဝေက သူမ၏တပည့် နှစ်ယောက်ကို တွေ့လိုက်ရသဖြင့် အံ့သြနေပုံ ရပါ၏။

"မနန္ဒာနဲ့ မေမြတ်နိုးတို့ပါလား"

ကျောင်းသူနှစ်ယောက်က လက်ဆွဲအိတ်ကိုယ်စီဆွဲပြီး ကျောင်းပေါ် တက်လာသည်။ တစ်ယောက်က ဝမ်းသာအားရ ပြောသည်။

"ဆရာရောက်လာပြီ ဆရာမကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မော်တော်နဲ့ ကိုလက်ျာ ပါလာပြီကိုး၊ အတော်ပဲ. . . ဒီလိုအချိန်မှာ သူရောက်လာရင် ကောင်းမှာပဲလို့ တွေးနေတုန်း တိုက်တိုက်ဆိုင်ဆိုင် ရောက်လာတယ်"

မမိုးစွေကတော့ မြင်ကွင်းထဲ ဝင်လာမည့် ဆရာလက်ျာအောင်ဆိုသည့် ပုံရိပ်ကို လှမ်းမျှော်ကြည့်နေမိသည်။ နုနုဝေကတော့ ခြေလှမ်းသွက်သွက်နှင့် ကျောင်းပေါ်က ဆင်းသွားလေသည်။ နုနုဝေ ကျောင်းရှေ့ မြက်ခင်းပြင်ပေါ် အရောက်မှာ ဆရာလက်ျာအောင်နှင့် မျက်နှာချင်းဆိုင် တွေ့သွားပါ၏။ ဆရာလက်ျာအောင်၏အသွင်အပြင်က မမိုးစွေ မျှော်လင့်ထားသည်နှင့် လွဲချော်နေသည်။ မမိုးစွေ၏မြင်ကွင်းထဲက ဆရာလက်ျာအောင်သည် အသားညိုညို၊ ပိန်ပိန်ပါးပါး၊ အရပ်နည်းနည်းရှည်သည်က လွဲပြီး သာမန်လူတစ်ယောက်မျှသာ ဖြစ်သည်။ မမိုးစွေ စိတ်ကူးထားသော ကိုလက်ျာအောင်သည် ခန့်ငြားချောမောသည့် ရုပ်ရှင်မင်းသားတစ်ယောက်ဖြစ်၏။ ကျောင်းပေါ်သို့ ဆရာလက်ျာအောင် တက်လာသည်။ မစိုးစိုးမြင့်ကို ပြုံးပြနှုတ်ဆက်သည်။ ပြီးနောက် မမိုးစွေကို တစ်ချက်ငဲ့အကြည့်. . . ကြည့်သင့်သည်ထက် ပိုမိုကြည့်ခြင်း ခံနေရသည်လို့ မမိုးစွေ ခံစားလိုက်ရသည်။

"ဆရာ. . . သမီးတို့ ပြန်တော့မယ်"

"အေးအေး. . . မနန္ဒာ၊ ညည်းက အရပ်ကြီးကို တအားရှည်ထွက်လာတာပဲ"





"သမီးက တစ်နွေလုံး ပင်လယ်ထဲမှာ ရေဆင်းကူးနေတာ၊ ဆရာမကြီး. . . သမီးတို့ ပြန်တော့မယ်"

"အေး. . . အေး. . . ရွာထဲ သဝေထိုးမနေနဲ့နော်၊ အိမ်ကို တန်းတန်းမတ်မတ် ပြန်ကြ"

"ဟုတ်ကဲ့ပါ"

ကျောင်းသူနှစ်ယောက် ကျောင်းပေါ်က ဆင်းသွားမှ ဆရာလက်ျာအောင်က မစိုးစိုးမြင့်ကို နှုတ်ဆက်စကားပြောသည်။

"မစိုး နေကောင်းတယ် မဟုတ်လား"

"ကောင်းပါတယ် ကိုလက်ျာ၊ ဪ. . . မိတ်ဆက်ပေးရဦးမယ်၊ ဒါ ဒီနှစ်ရောက်လာတဲ့ ဆရာမ မမိုးစွေတဲ့၊ စာပေးစာယူ ဒုတိယနှစ်ပဲ"

"ဒီနှစ် ရှစ်တန်းအစိုးရစစ် အောင်မြင်မှာပါ မစိုးရယ်၊ စိတ်ချ မမိုးစွေ. . . ကျွန်တော်လက်ျာအောင်ပါ"

"ဆရာ့ကို မတွေ့ရခင်ကတည်းက နာမည်ကို သိနေရပါတယ်၊ မိုးစွေကို နုနုလိုပဲ ညီမလေးတစ်ယောက်လို ပြောဆိုဆုံးမနိုင်ပါတယ်"

"အိုကေ. . . ကျွန်တော့်ကိုလည်း အစ်ကိုတစ်ယောက်လို သဘောထားပြီး အားကိုးပါ"

"မစိုးက အကူအညီ မလိုသေးပါဘူး ကိုလက်ျာ၊ မိုးစွေ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ လောလောဆယ်မှာ အကူအညီ လိုနေပြီရှင့်"

"ပြောပါ. . . ကျွန်တော်ဘာလုပ်ပေးရမလဲ"

"လုပ်ပေးရမှာတွေကတော့ အများကြီးပဲ၊ ဒါပေမယ့် ပထမ ဦးစားပေး ပြဿနာက ဒီကျောင်းပေါ်မှာ မကောင်းဆိုးဝါး တစ္ဆေသရဲတွေ ရှိနေတယ်ဆိုရင် ဘာပြောမလဲ"

"ဟား. . . ဟား. . . ဒီဇာတ်လမ်းဟောင်းကြီး ဘာဖြစ်လို့ ပြန်လည်ဆန်းသစ်လာတာလဲ. . . ဘယ်သူပြန်စလိုက်တာလဲ"

"ဟောဒီက မိုးစွေပဲပေါ့၊ မနေ့မနက်က မစိုးကို ဂျူတီရပ်ဖို့ လာလုပ်တယ်၊ စောစောကပဲ ဝိညာဉ်တွေ တစ္ဆေတွေနဲ့ တွေ့တယ်"

"မစိုးကိုယ်တိုင် ယုံကြည်သွားလို့ ကျွန်တော့်ကို ပြန်ပြောပြနေတာ မဟုတ်လား"

"အင်း. . . အဲသလိုပဲ ဆိုပါတော့လေ၊ မနေ့ကလည်း မောင်မင်းသူ သရဲပူးနေလို့ ကဒိုက ဆရာပင့်ပြီး အစွဲချွတ်လိုက်ရတယ်"

ကိုလက်ျာအောင်က မမိုးစွေကို အကဲခတ်သလို ကြည့်နေပြန်သဖြင့် မမိုးစွေ အနေခက်နေရသည်။

"မောင်မင်းသူအကြောင်း လမ်းမှာ မနန္ဒာတို့ ကျွန်တော့်ကို ပြောပြတယ်၊ ခု. . . ကောင်းနေပြီဆို"





"ဟုတ်တယ်. . . မောင်မင်းသူကို ဝင်ပူးနေတဲ့သရဲကိုလည်း မမိုးစွေ မြင်လိုက်ရတယ် ဆရာရဲ့"

"နေပါဦး. . . မမိုးစွေ မြင်လိုက်ရတယ်ဆိုတာကို နုနုက ဘယ်လိုလုပ် သိတာလဲ"

"မိုးစွေ ပြန်ပြောပြတာပေါ့. . . ဆရာကလဲ"

"ကဲပါ. . . လိုရင်းပြောကြရအောင်၊ မစိုးတို့ တစ်ခုခု လုပ်မှဖြစ်မယ်၊ ကျောင်းက ရက်ပိုင်းအတွင်း ပြန်ဖွင့်ရတော့မှာ"

"ကဲ. . . မစိုးက ဘာလုပ်ချင်သလဲ၊ ပွင့်ပွင့်လင်းလင်း ပြော"

"ကိုလက်ျာ သိသားပဲ၊ ဟိုလူပြော သည်လူပြောနဲ့ ပြောမကုန်နိုင်တဲ့ ဒီကျောင်းကြီးရဲ့ဇာတ်လမ်းတွေကို သိမ်းပစ်လိုက်ချင်တယ်၊ သံသယကင်းကင်းနဲ့ နေထိုင်လို့ရအောင် လုပ်လိုက်ချင်တယ်. . ."

"သရဲတစ္ဆေ မကောင်းဆိုးဝါးတွေ ရှိခဲ့လျှင် မရှိအောင် လုပ်ချင်တယ်လို့ မစိုးဆိုလိုတာလား"

"ဟုတ်တယ် ကိုလက်ျာ၊ မောင်မင်းသူကို ကုပေးတဲ့ ကဒိုက ရောက်နေတဲ့ဆရာလည်း ရှိနေတုန်းမှာ ဒီကျောင်းရဲ့ အခြေအနေကို ပြောပြပြီး အကူအညီတောင်းကြည့်ချင်တယ်"

"ကောင်းသားပဲ. . . ရိုးရာအတိုင်း လုပ်လိုက်ရင် ယုံကြည်မှုနဲ့ စိတ်ကို ရှင်းစေလိမ့်မယ်၊ အများအတွက်လည်း



www.burmeseclassic.com

www.burmeseclassic.com



သံသယ ကင်းသွားနိုင်တာပေါ့၊ ဒီကိစ္စ မစိုးပဲ စီစဉ်လေ၊ လိုတာ ကျွန်တော်ဝိုင်းလုပ်ပေးမှာပေါ့"

မွန်းလွဲချိန် ရောက်သောအခါ မစိုးစိုးမြင့်က မမိုးစွေနှင့် နုနုဝေကို အိမ်သို့ အပြီးပြန်လွှတ်ပေးလိုက်သည်။

"မင်းတို့နှစ်ယောက် အိမ်ပြန်လို့ရပြီ၊ မမစိုးနဲ့ ကိုလကျ်ာ က ကဒ့်က ဆရာဆီ သွားပြီးတိုင်ပင်လိုက်ဦးမယ်"

တာဝန်မှ လွတ်လပ်သွားပြီဖြစ်၍ မမိုးစွေတို့နှစ်ယောက် သောင်ပြင်ဘက်သို့ စကားပြောရင်း လျှောက်သွားကြသည်။ ရေကျချိန်မို့ သောင်ပြင်က ကျယ်ကျယ်ဝန်းဝန်း ရှိသည်။ ရွာအိမ် တန်း ဆုံးသွားသောအခါ သချိုင်းကုန်းကို တွေ့ကြရသည်။ မမိုးစွေက သချိုင်းကုန်းထဲသို့ စူးစမ်းလေ့လာပြီး လျှောက်ကြည့် လိုက်သည်။

"နုနုရေ. . . ဟိုအုတ်ဂူဖြူဖြူကြီးက ကြီးလိုက်တာနော်၊ ရဲတိုက်ကြီး ကျနေတာပဲ. . . တရုတ်ဂူကြီးလား"

"အဲဒါ သူဌေးဦးမင်းလွင်ရဲ့သား မင်းထိန်လွင်ရဲ့အုတ်ဂူ ပေါ့၊ အဲဒီဂူကြီးကို လတိုင်း လာပြီး မွန်းမံဆေးသုတ်တယ်လေ"

"သွားကြည့်ရအောင်ကွာ"

"သွားမကြည့်နဲ့ မိုးစွေ၊ မင်းထိန်လွင်က ခေါင်းမပါတဲ့ ခန္ဓာကိုယ်ကြီးကို ဂူသွင်းထားတာ၊ အနားသွားရင် အခြောက်ခံရ နိုင်တယ်၊ မိုးစွေ မကြောက်ဘူးလား"





"နေ့ခင်းကြောင်တောင်ကြီး အဖော်လည်း ပါနေတာပဲ ဟာ. . . မကြောက်ပါဘူး၊ အင်း. . . ဆရာလကျ်ာသာ ပါလာ ရင် ကောင်းမှာ"

"မိုးစွေ ပြန်ကြစို့. . . ဗိုက်ဆာလာပြီ"

သူတို့နှစ်ယောက် ပြန်အလှည့်မှာ မမိုးစွေလက်ကို နုနုဝေ ဖမ်းဆွဲထားလိုက်သည်။

"နုနု ဘာဖြစ်လို့လဲဟင်"

"ဟိုမှာကြည့်လိုက်စမ်း မိုးစွေ"

"ဟင်. . . ငါတို့လျှောက်လာတာ နှစ်ယောက်တည်း၊ ဘေးက ခြေရာတွေက ဘယ်သူ့ခြေရာလဲ"

ခြေရာက သုံးစုံဖြစ်နေသည်။ သူတို့နှင့်အတူ တစ် ယောက်ယောက်က ဘေးမှ တစ်လျှောက်လုံး လိုက်လာသည်မှာ ခြေရာတွေက အထင်အရှား ပြနေပြီ။ မမိုးစွေ ကြက်သီးတွေ ထလာသည်။ ဆံပင်တွေလည်း ထောင်နေပြီ။

"သရဲတစ်ကောင် တို့နဲ့ လိုက်လာတာပေါ့၊ မိုးစွေ. . . ပြေးကြစို့"

နှစ်ယောက်သား တစ်ယောက်လက် တစ်ယောက်ဆွဲပြီး ခြေကုန်ပြေးကြသည်။ အတော်ဝေးဝေး ပြေးမိတော့မှ မမိုးစွေက နောက်သို့ လှည့်ကြည့်လိုက်၏။ နောက်ဘက်မှာ ဆံပင်စုတ်ဖွား ချလျက် လက်တစ်ဖက်က ခေါင်းပြတ်တစ်ခု ဆွဲထားသည့်



www.burmeseclassic.com

www.burmeseclassic.com



မသူဇာကို သေသေချာချာ တွေ့ရသည်။ နုနုဝေကလည်း နောက်သို့ လှည့်ကြည့်လိုက်ရာ. . .

"ဟယ်. . . ဟိုမှာ မသူဇာ၊ မင်းထိန်လွင်ခေါင်းကြီး ဆွဲပြီး ရပ်ကြည့်နေတယ်"

"မကြောက်နဲ့. . . သူ ငါတို့ကို ခြောက်တဲ့ပုံ မရှိဘူး နုနုရဲ့"

"အို. . . သရဲပါဆိုမှ ခြောက်ခြောက် မခြောက်ခြောက်၊ နုနုကတော့ ကြောက်တာပဲ"







## အခန်း(၁၃)

သောင်ပြင်ပေါ်မှာ မမိုးစွေ ပြေးနေရသည်။ သူမ၏ ဘေးမှာ မသူဇာက မင်းထိန်လွင်၏ခေါင်းပြတ်ကို ဆွဲပြီး ပျံဝဲ လိုက်ပါလာ၏။

"မလိုက်လာနဲ့. . . မလိုက်လာပါနဲ့"

ပြေးရင်းအော်ရင်း အရှိန်လွန်ပြီး သောင်ပြင်ပေါ်မှာ မမိုးစွေ လဲပြိုကျသွားသည်။ မသူဇာက တဖြည်းဖြည်း မမိုးစွေ အနားကပ်လာပြီ။ ကြောက်လွန်း၍ မမိုးစွေ မျက်စိကို စုံမှိတ်ထားသည်။ မမိုးစွေ၏လက်တစ်ဖက်ကို အေးစက်စက် လက်တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



က ဆုပ်ကိုင်ပြီး ဆွဲယူ့ထူပေးသည်။

"သူဇာ့ကို ကူညီပါ. . ."

ကြားလိုက်ရသောအသံက သနားစရာကောင်းလွန်းနေ၍ မမိုးစွေ အကြောက်ပြေပြီး မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ မမိုးစွေရှေ့မှာ မသူဇာ ရပ်နေပါ၏။ မသူဇာလက်ထဲမှာ ဘာကိုင်ဆွဲထားသလဲဆိုတာ မကြည့်ဖြစ်အောင် မမိုးစွေ ချုပ်တည်းနေရသည်။

"မောင့်ခေါင်းကို သူ့ဆီမှာ ပြန်ထားချင်တယ်၊ သူဇာ့ကို ကူညီပါ"

"ဒီလောက်ကြောက်စရာကောင်းတဲ့ ခေါင်းပြတ်ကြီးကို ဘယ်သူက ယူသွားပြီး ထားရဲမှာလဲ၊ ကိုယ့်ဘာသာကိုယ် သွားထားပါလား"

"သူဇာ သွားထားလို့မရဘူး၊ သချိုင်းကို သရဲကြီးတစ်ကောင် ဝင်ပူးထားတယ်၊ အနားတောင် ကပ်လို့မရဘူး၊ သူဇာ့ကို ကူညီပါနော်၊ သူဇာ့ကို ကူညီပါ"

"လာ. . . သွားကြမယ်"

မမိုးစွေနောက်ကို မသူဇာက လိုက်လာသည်။ သချိုင်းနား ရောက်သည်နှင့် အုတ်ဂူများပေါ်တွင် ခုန်ပေါက်ပြေးလွှားနေသည့် မှင်စာလို သေးသေးအကောင်နက်ကလေးတစ်ကောင်က မမိုးစွေတို့ရှေ့သို့ ခုန်ပေါက်ရောက်လာလေ၏။





ကြည့်နေရင်း ကြီးထွားမြင့်တက်လာရာ တဖြည်းဖြည်း အုန်းတစ်ပင်လောက် မြင့်သွားတော့သည်။

"လာစမ်း. . . ငါ့သချိုင်းထဲ ဝင်ဝံ့ ဝင်ကြည့်စမ်း၊ ဂုတ်ချိုးသတ်ပြီး ကျွတ်ကျွတ်ဝါးပစ်လိုက်မယ်"

အသံက အက်အက်ကွဲကွဲ တစ်ကိုယ်လုံးလည်း အမွေးတွေက စုတ်ဖွား. . . အကောင်ကလည်း ကြီးမားလွန်းသည်။ မမိုးစွေ နောက်ဆုတ်ရင်း လဲကျသည်။

"အမလေး. ."

မမိုးစွေ အော်သည်။ အထိတ်တလန့် အော်သည်။

"မိုးစွေ. . . မိုးစွေ. . . ထစမ်း၊ ဒီကလေး အိပ်မက်ဆိုးတွေ မက်နေတယ်နဲ့တူတယ်၊ ထစမ်း. . . နိုးပလား"

"အိပ်မက်က ကြောက်စရာကောင်းလိုက်တာ ကြီးမေရယ်၊ မိုးစွေကြောက်တယ်၊ မိုးစွေကို ဖက်ထားပါနော်"

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com



ထိုညက မမိုးစွေ အိပ်ပျော်အောင် ကြိုးစားပါသော်လည်း မရပါ။ ဟိုလှိမ့်သည်လှိမ့်နှင့်ပင် မိုးစင်စင်လင်းသွားသည်။ အိပ်ရာက ထသည်နှင့် ကြီးတော်ဖြစ်သူက စိုးရိမ်တကြီး မေးလေ၏။

"ဟဲ့ . . . ကလေး၊ အစောကြီး ရှိသေးတယ်လေ . . . အိပ်ပါဦးလား"

"မိုးစွေ အိပ်မရတော့ဘူး ကြီးမေ၊ အပြင်ဘက်မှာ မိုးလင်းနေပြီ"

မမိုးစွေ အိမ်ထဲက ထွက်လာချိန်မှာ နေရောင်ပျောက်နေသည်။ မိုးမှုန်တွေကြောင့် မှိုင်းညို့နေ၏။ မြင်ကွင်းတွေ မပီဝိုးတဝါး ဖြစ်နေသည်။ သူမ ဘယ်ကို သွားရမလဲဆိုတာ ရည်ရွယ်ချက်မရှိ။ ကျောင်းဘက် သွားရန် အချိန်ကလည်း စောလွန်းနေသေးသည်။





ခြေဦးတည့်ရာ လှမ်းရင်း သောင်ပြင်ဘက်သို့ ရောက်သွားသည်။ သောင်ပြင်ကျယ်ကြီးက ရှင်းလင်းနေပါ၏။ မမိုးစွေ တစ်ယောက်တည်း သောင်ပြင်ပေါ်မှာ လျှောက်သွားနေလိုက်သည်။ ရွာအနောက်ဘက်သို့ သွားနေမိရာ အိမ်တန်းဆုံးသည်နှင့် သချိုင်းကုန်းသို့ ရောက်သွား၏။

မြေပုံတွေ အုတ်ဂူတွေကို တွေ့ပြီး အိပ်မက်ကို ပြန်သတိရလိုက်သည်။ ကြောက်စိတ်ကြောင့် ခြေလှမ်းတွေကို နောက်ဆုတ်နေမိသည်။ သချိုင်းထဲက မြေပုံတစ်ခု ကွဲတက်ခုံးထလာသည်ကို မြင်ပြီး အသည်းယားနေရပြီ။ ထို့ကြောင့် လာရာလမ်းသို့ ပြန်လှည့်ပြေးတော့သည်။ သူမနောက် တစ်စုံတစ်ယောက်က ဆောင့်တွန်းခြင်းကို ခံလိုက်ရသည်။ မမိုးစွေ ရှေ့သို့ ဟပ်ထိုးမှောက်လျက် လဲကျရ၏။ အမှောင်ထဲသို့ နစ်ဝင်သွားတော့သည်။

ရှိုက်ကြီးတငင် ငိုကြွေးနေသော ငိုသံကို ပထမ ကြားလိုက်ရခြင်းဖြစ်၏။ မမိုးစွေ မျက်လုံးတွေကို အားယူဖွင့်ကြည့်လိုက်ပါသည်။ အလင်းရောင်က အရုဏ်တက်စမို့ မှုန်မှုန်ပျပျသာ လင်းနေပါ၏။ ငိုသံက မိန်းကလေးတစ်ယောက်၏ငိုသံဖြစ်သည်မှာ သံသယဖြစ်စရာ မရှိပါ။ မနီးမဝေးမှာ ထိုင်၍ငိုကြွေးနေသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ သူမလက်ထဲမှာ ယောကျ်ားတစ်ယောက်၏ခေါင်းတစ်လုံးကို ကိုင်ပြီး နမ်းရှုံ့



www.burmeseclassic.com

www.burmeseclassic.com



ငိုကြွေးနေခြင်းဖြစ်၏။ သွေးတွေက ကျနေဆဲ။

သောင်ပြင်ပေါ်မှာ လဲကျနေသူ လူတစ်ယောက်လည်း ရှိနေသည်။ ခန္ဓာကိုယ်က သွေးအိုင်ထဲတွင် လဲကျနေပြီး ခေါင်း မရှိပေ။ လဲကျနေသူ၏ဘေးမှာ လူတစ်ယောက် မတ်တတ်ရပ် နေ၏။ လက်ထဲမှာ ရဲဒင်းတစ်လက်ကို ကိုင်ထားပြီး သွေးတွေနှင့် စွန်းပေနေသည်။ ထိုလူက ငိုကြွေးနေသူ မိန်းကလေးကို လက် တစ်ဖက်ဖြင့် ဆွဲထူလိုက်၏။

"ညီမလေး. . . ထ. . . သွားကြစို့"

"ရက်စက်လိုက်တာ အစ်ကိုရယ်. . . ရက်စက်လိုက် တာ"

ဒီရေက တရွေ့ရွေ့နှင့် အနားသို့ ရောက်လာနေပြီ။ ရေထဲမှာ ရှိနေသော လှေကလေးဆီသို့ မောင်နှမနှစ်ယောက် လျှောက်သွားကြသည်။ နောက် ပင်လယ်ထဲက ကျွန်းဆီသို့ လှေ ကလေးနှင့် ပါသွားလေ၏။ မမိုးစွေလည်း လိုက်ကြည့်နေမိသည်။

ကျွန်းနားအရောက်မှာ လှေပေါ်က မိန်းကလေး ရေထဲ သို့ ခုန်ချသွား၏။ မကြာမီ အစ်ကိုဖြစ်သူလည်း လိုက်ပါခုန်ချ သွားသည်ကို မြင်နေရသည်။ နှစ်ယောက်လုံး ပင်လယ်ရေထဲမှာ စုံးစုံးမြုပ် ပျောက်ကွယ်သွားလေပြီ။ လောင်းလှေကလေးကတော့ ပင်လယ်ပေါ်မှာ မျောလျက်။

"မိုးစွေ. . . မိုးစွေ. . . မိုးစွေ. . . "





တဖြည်းဖြည်း ကျယ်လောင်လာသော ခေါ်သံကြောင့် မမိုးစွေ မျက်လုံးဖွင့်ကြည့်လိုက်သည်။ အနားမှာ မမစိုးနှင့် ဆရာ လက်ျာအောင်ကို တွေ့ရသည်။

"ဟင်. . . မမစိုး. . "

မမိုးစွေ ထထိုင်လိုက်သည်။ သောင်ပြင်ပေါ်က သွေး အိုင်ထဲမှာ ရှိနေသည့်အလောင်းကို ရှာသည်။

"ဟို. . ဟို. . အလောင်းကြီးကောဟင်"

"မိုးစွေ ကယောင်ချောက်ချား ဖြစ်နေတာ. . . ဘာ အလောင်းမှ မရှိဘူး၊ ကျွန်တော်တို့သာ ရောက်မလာရင် ဒီရေ အတက်နဲ့ မိုးစွေ ရေနစ်ရင်နစ်၊ အအေးမိရင်မိ၊ ဒုက္ခတော့ ဖြစ် မှာပဲ"

"မမစိုးတို့ မိုးစွေအိမ်ကို ရောက်ခဲ့တယ်၊ ထွက်သွားပြီ ဆိုလို့ လိုက်ရှာရင်း မိုးစွေလဲကျပြီး သတိမေ့နေတာ တွေ့လိုက်ရ တာ"

"ဟုတ်ပြီ. . . မိုးစွေလေ သတိမေ့နေတုန်းမှာ အိပ်မက် လိုလိုနဲ့ မသူဇာတို့ မောင်နှမနှစ်ယောက်ကို တွေ့တယ်၊ သူတို့ ဟိုပင်လယ်ထဲကို ခုန်ဆင်းသွားကြတာ. . . နှစ်ယောက်လုံးပဲ"

"အဲဒါကို မိုးစွေ တွေ့ခဲ့တယ်ဆိုရင်တော် ဖြစ်ပျက်ခဲ့ တာတွေကို ပြန်မြင်ရတာဖြစ်မှာ"

"ဆရာကိုလက်ျာ. . . ဟိုပင်လယ်အောက်မှာ မသူဇာ



www.burmeseclassic.com

www.burmeseclassic.com



တို့မောင်နှမ ရှိနေမယ်လို့ မိုးစွေထင်တယ်. . . ရှာကြည့်ပါလား ဟင်"

ကျေးရွာမှ ရေငုပ်ကျွမ်းကျင်သူများ၏ကြိုးပမ်းမှုကြောင့် ပင်လယ်အောက်ကြမ်းပြင်မှ မောင်ကျော်စွာနှင့် သူ၏နှမ မသူဇာ၊ မသူဇာ၏လက်တစ်ဖက်မှာ ဆုပ်ကိုင်ထားသည့် မင်းထိန်လွင်၏ဦးခေါင်းကို မပုတ်မသိုး မပျက်မစီး ဆယ်ယူရရှိခဲ့သည်။

"ဟိုကလေးမက ကျောက်ကြမ်းပြင်က အက်ကွဲကြောင်းထဲကို လက်တစ်ဖက် နှိုက်ပြီးဆွဲထားတယ်၊ ကျန်တစ်ဖက်မှာက ခေါင်းကြီးကိုကိုင်. . . ကောင်လေးက မိန်းကလေး လက်ကို ဆွဲနေရင်း ရေနစ်ခဲ့ကြတာ၊ လပေါင်းများစွာ ကြာပြီး မပုပ်မသိုးတာတော့ အံ့ဖွယ်ပဲ ကျောင်းဆရာရေ့"

ရေငုပ်အဖွဲ့ခေါင်းဆောင်က ရှင်းပြနေခြင်းဖြစ်ပါသည်။

"ဦးလေးတို့ ပင်လယ်အောက်မှာ ငါးတွေ မတွေ့ခဲ့ဘူး မဟုတ်လား"

"ဟာ. . . အဲဒီကွေ့မှာ ဘယ်တုန်းကမှ ငါးတွေ မရှိခဲ့ဘူးကွ၊ အဲဒီကွေ့မှာ ငါးမရှိတာ ငါတို့တစ်သက်ပဲ"

"ဒါဆို လပေါင်းများစွာ မပုပ်မသိုးတာရဲ့အဖြေကို ကျွန်တော်ပြောနိုင်ပါတယ်"

ကိုလက်ျာအောင်၏စကားကို အားလုံး စိတ်ဝင်တစား





နားထောင်နေကြသည်။

"အဲဒီပင်လယ်ကြမ်းပြင်အောက်က အာဆင်းနစ်ဆိုတဲ့ ဓာတ်ငွေ့တစ်မျိုး ထွက်နေလို့ပဲ၊ ဆေးကျောင်းမှာ လူသေတွေ မပုပ်မသိုးအောင် စိမ်ထားတဲ့ ဖော်မလင်းလို အရည်လိုမျိုး ပင်လယ်ရေမှာ ဖြစ်နေလို့ သူတို့တွေ မပုပ်မသိုးတာပါပဲ"

"ဉာဏ်ပညာကြီးပါပေ့. . . ကျောင်းဆရာရယ်"

"ဆရာ. . . မိုးစွေ တစ်ခုတောင်းဆိုချင်ပါတယ်၊ ဟို. . မင်းထိန်းလွင်ရဲ့ခေါင်းကို သူ့ဂူထဲမှာ ထည့်ထားပေးစေချင်ပါတယ်"

"လုပ်ပေးပါ့မယ်. . . ဦးတင့်လွင်ကလည်း သဘောတူမှာပါ"



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၄)

ယစိုးစိုးမြင့်နှင့် နုနုဝေက ထိုင်ရာက ထပြီး မမိုးစွေကို နှုတ်ဆက်သည်။

"မိုးစွေ. . . ကျောင်းကိစ္စတွေဘာတွေ မစဉ်းစားနဲ့၊ နေကောင်းအောင်သာ နေနော်"

"မိုးစွေ နေကောင်းနေပါပြီ မမစိုးရဲ့"

"မဟုတ်တာ. . . အဖျားသွေးနည်းနည်း ရှိနေသေးတယ်၊ အိပ်ရာထဲမှာပဲနေ၊ ပေးထားတဲ့ဆေးတွေကိုလည်း အချိန်နဲ့ သောက်နော်"

"ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . မမစိုးတို့ ပြန်ပြီ၊ ကိုလက်ျာလည်း လာမှာပါ"

"မိုးစွေ. . . နုနုတို့ ပြန်ပြီနော်"

သူတို့ နှုတ်ဆက်ထွက်ခွာသွားသောအခါ မိုးစွေ အထီးကျန်ဖြစ်ပြီး ကျန်ရစ်သည်။ ထိုအချိန်မှာ ဘိုကလေးက အမေ့ကို သတိရနေ၏။ ညီမလေး တိုးတိုးသာ ရှိလျှင် သူ့အနားမှာ ပေါက်တတ်ကရတွေ ပြောနေတတ်သည်ကို အမှတ်ရနေမိသည်။ ချမ်းသလိုဖြစ်လာ၍ စောင်ကို ခြုံပြီးချိန်မှာ. . .

"မိုးစွေရေ. . . မိုးစွေ"

ခြံအပြင်ဘက်က ကိုလက်ျာအောင်၏အသံကို ကြားလိုက်ရသည်။

"လာ. . . ကိုလက်ျာ. . . ဝင်လာခဲ့ပါ၊ ခွေးမရှိပါဘူး"

ကိုလက်ျာ အိမ်ပေါ် တက်လာပြီး မမိုးစွေနှင့် မလှမ်းမကမ်းမှာ ဝင်ထိုင်သည်။

"စောစောကပဲ မမစိုးတို့ ပြန်သွားကြတယ် ကိုလက်ျာ"

"လမ်းမှာ တွေ့လိုက်တယ်၊ မိုးစွေ နေကောင်းရဲ့လား၊ အဖျားကော ရှိသေးလား"

"အဖျားမရှိတော့ဘူး ထင်တာပဲ၊ မိုးစွေ ကိုယ်ပူနေသေးလားဟင်. . . ကိုင်ကြည့်ပေးပါဦး"

ကိုလက်ျာအောင်က အနားသို့ တိုးကပ်ပြီး မမိုးစွေ၏ နဖူးကို လက်ဖမိုးဖြင့် စမ်းသည်။ ပါးပြင်နှစ်ဖက်ပေါ် သို့ ညင်ညင်သာသာ အစမ်းခံလိုက်ရသောအခါ မမိုးစွေ ကြည်လင်"





နေမိသည်။ ရင်အခုန်မြန်နေတာကိုလည်း သိနေပါပြီ။

"ငွေ့ငွေ့လေးပဲ ရှိတော့တယ်. . . မပူတော့ပါဘူး၊ ဒါပေမယ့် အိမ်ထဲမှာပဲ နွေးနွေးထွေးထွေး နေလိုက်ပါ မိုးစွေရယ်"

ကိုလက်ျာ၏အစိုးရိမ်စကားက မမိုးစွေရင်ထဲသို့ စမ်းချောင်းကလေးလို စီးဝင်သွားပါ၏။

"တစ်ယောက်တည်း ပျင်းနေ၏တာ"

"မိုးစွေပျင်းနေမှာစိုးလို့ ကျွန်တော်တို့ လာကြည့်ကြတာပေါ့. . . မပျင်းနဲ့လေ"

"ကိုလက်ျာ ရောက်လာပြီး စကားပြောနေလို့ မိုးစွေ မပျင်းပါဘူး၊ အားငယ်စိတ်လည်း ပျောက်သွားရတယ်"

"ဘာအားငယ်စရာရှိလို့လဲ မိုးစွေရယ်"

"မိုးစွေ ခုလို တစ်ခါမှ အမေတို့နဲ့ မခွဲဖူးဘူးလေ၊ အမေတို့ ညီမလေးတို့ အနားမှာ မရှိတော့ အားငယ်တာပေါ့"

"ဒီလို တစိမ်းတွေကြားမှာ နေထိုင်ပြီး အတွေ့အကြုံသစ်တွေ ရနေတာကိုက ဘဝပဲ မိုးစွေ၊ ဘာမှအားမငယ်နဲ့. . . လက်ရှိအခြေအနေနဲ့ လိုက်လျောညီထွေ နေနိုင်အောင် ကြိုးစား၊ ကြံ့ခိုင်သူတွေအတွက် ရှင်သန်ခွင့်ရှိတယ်ဆိုတဲ့ ဒါဝင်ရဲ့ စကားကို ကြားဖူးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



“ကဲ..ျ-ဟောင်းလိုက်တာ. . . မိုးစွေက မိန်းမသားပါ
နော်၊ အားငယ်တတ်တယ်. . . ကြောက်တတ်တယ်၊ ကိုလကျော
လိုမျိုး မဟုတ်ပါဘူး”

“အဲဒီလိုစိတ်တွေ ကျွန်တော့်မှာလည်း ရှိတာပေါ့၊ ဒါပေ
မယ့် ကျော်လွှားနိုင်အောင် ကြိုးစားရတယ်”

“ကိုလကျော မနှစ်က တစ်နှစ်လုံး နှစ်ဆောင်ပြိုင်အိမ်ကြီး
မှာ တစ်ယောက်တည်း နေခဲ့တာနော်”

“ဒီရွာမှာ အမျိုးကလည်း မရှိဘူး၊ ကျောင်းသားမိဘတွေ
နဲ့လည်း ရောနှောမနေချင်တာနဲ့ ကျောင်းပေါ်မှာပဲ နေလိုက်တာ၊
အဲဒီမှာက လွတ်လွတ်လပ်လပ် နေရတယ်”

“ဟို. . . ဟို. . . ကိုလကျောကို သရဲမခြောက်ဘူးလား၊
အဲဒီအိမ်ကြီးက သရဲခြောက်တယ်ဆိုပြီး နာမည်ကြီးတယ်၊
ကိုလကျော ဘယ်လိုများ နေတယ်ဆိုတာ မစဉ်းစားတတ်အောင်
ပါပဲ”

“ကျွန်တော့်အတွက် အဲဒီတစ္ဆေသရဲတွေဟာ သိပ်
အရေးမကြီးဘူး မိုးစွေ၊ ကျွန်တော်က အယုံအကြည်လည်း မရှိ
ဘူး၊ ကြောက်လည်း မကြောက်ဘူး၊ အဲဒါကြောင့် ဘာပြဿနာမှ
မရှိဘူး၊ ကျွန်တော်ပြောတာကို မိုးစွေ နားလည်သလား”

“သိပ်မရှင်းဘူး ကိုလကျော၊ မိုးစွေ မေးတာကို မှန်မှန်ဖြေ
ပါနော်၊ ကိုလကျောကို သရဲက မခြောက်တာလား၊ ဒါမှမဟုတ်





သရဲခြောက်တာကို ကိုလကျောက မကြောက်တာလား”

“တစ္ဆေသရဲ ရှိပါတယ်လို့ မယုံကြည်တဲ့ ကျွန်တော့်
အတွက် အဲဒီမေးခွန်းတွေကို ဖြေဖို့ အဖြေမရှိဘူးလေ”

“မိုးစွေကတော့လေ. . . အဲဒီနှစ်ဆောင်ပြိုင်အိမ်ကြီး
မှာ မကျွတ်မလွတ်တဲ့ ဝိညာဉ်တွေ ရှိတယ်လို့ ယုံကြည်တယ်၊
ဒါကလည်း မိုးစွေကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရတာ၊
အဲဒါကို ပြန်ပြောပြရင် ကိုလကျော နားလည်လက်ခံနိုင်မှာ မဟုတ်
ဘူး”

“မိုးစွေယုံကြည်မှုကို ကျွန်တော် ဘာမှမဝေဖန်ချင်ပါ
ဘူး၊ ကျွန်တော် မိုးစွေကို နှစ်ဆောင်ပြိုင်အိမ်ကြီးနဲ့ ပတ်သက်
ဆက်စပ်နေတဲ့ စာအုပ်လေးတစ်အုပ် ပေးဖတ်ချင်တယ်၊ မိုးစွေ
စိတ်ဝင်စားသလား”

“အို. . . စိတ်ဝင်စားတာပေါ့၊ ကိုလကျော ဘယ်က ရတာ
လဲဟင်”

“အဲဒီအိမ်ကြီးရဲ့တစ်နေရာက ဆိုပါတော့”

“ဘာစာအုပ်လဲဟင်”

“မှတ်တမ်းစာအုပ်လေးတစ်အုပ်ပါ. . . ဒိုင်ယာရီ ဆိုပါ
တော့၊ မိန်းကလေးတစ်ယောက်က သူ့ခံစားချက်တွေကို ရေး
ထားတာ”

“မြကြာဖြူလားဟင်”



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အံ့ဩသွားသည့်အမူအရာကို ကိုလက်ျာ အောင် ထိန်းသိမ်းမထားနိုင်ဘဲ မျက်နှာမှာ ပေါ်လွင်နေပါ၏။

“မြကြာဖြူကို မိုးစွေသိနေတယ်”

“သိပ်အများကြီး သိတာမဟုတ်ပါဘူး၊ မိုးစွေ သိထားရ သလောက်က မြကြာဖြူဟာ သနားစရာကောင်းတဲ့ မိန်းကလေး တစ်ယောက်ဖြစ်နေတယ်လေ၊ သူ့ဘဝကို မိုးစွေ ကိုယ်ချင်းစာနာ နေမိတယ်”

“အင်း. . . ဒါဆို မြကြာဖြူရဲ့မှတ်တမ်းစာအုပ်လေးကို မိုးစွေသာ လက်ခံမယ်ဆိုရင် ကျွန်တော် အပြီးပေးပါ့မယ်”

“မိုးစွေ. . . မြကြာဖြူကို မမြင်ဖူးပေမယ့် သူ့အပေါ် သံယောဇဉ် ဖြစ်နေမိတယ်၊ သူ့ဘဝဟာ ကြေကွဲဝမ်းနည်းစရာ တွေကို မြိုသိပ်ထားရလိမ့်မယ်လို့လည်း ခန့်မှန်းမိတယ်၊ သူ့ စာအုပ်လေးကို မိုးစွေ မြတ်မြတ်နိုးနိုး ထိန်းသိမ်းသွားပါ့မယ်၊ မိုးစွေကို ပေးပါ ကိုလက်ျာ”

“ဒီနေ့ပဲ ကျွန်တော် လာပေးပါ့မယ်”

“မမစိုးက ပြောတယ်၊ နက်ဖြန် ကျောင်းမှာ ကဒိုကနိက ဆရာကို ပင့်ထားတယ်တဲ့၊ မိုးစွေလည်း နေကောင်းနေပြီပဲ၊ ရောက်အောင် လာခဲ့ပါ့မယ်”







အခန်း(၁၅)

မိုးစွေ၏စိတ်ထဲတွင် ရေရွတ်ပြောဆိုနေသည့် စကားတွေကို ဘယ်သူမှ ကြားနိုင်မည်မဟုတ်ပါ။

“မသူဇာရေ. . . မင်းဆန္ဒ ပြည့်ဝမှာပါကွယ်၊ မင်းတို့ မောင်နှမ ကောင်းရာသုဂတိ ရောက်ပါစေ”

ကဒိုကနိမှ ဆရာက တွဲဖက်ကျောင်းခန်းထဲရှိ ဘုရားစင် မှ ပန်းရေချမ်း စသည်တို့ကို လဲဖယ်ပြီး အသစ်များနှင့် ကျွေး သည်။ စက္ကူပတ်ထားသော ဖယောင်းတိုင်သုံးတိုင်ကိုလည်း မီး



www.burmeseclassic.com

www.burmeseclassic.com



ထွန်းညှိပြီး ဘုရားစင်မှာ ပူဇော်ထား၏။ ထို့နောက် ဘုရားစင်ရှေ့မှာ ထိုင်ပြီး ဘုရားရှိခိုး မေတ္တာပို့ကာ ရွတ်ဖတ်သရဇ္ဈာယ်နေတော့သည်။

မမိုးစွေတို့ ဆရာဆရာမ လေးယောက်နှင့် ဦးလေးမောင်မောင်က မလှမ်းမကမ်းမှ ထိုင်စောင့်ကြည့်နေကြ၏။

တခဏအကြာမှာ ပွင့်ထားသော ပြတင်းပေါက်တံခါးတွေ ပိတ်လိုက်ဖွင့်လိုက် ဖြစ်နေပြီး တဝိုင်းဝိုင်းတဒိုင်းဒိုင်းနှင့် ရိုက်ခတ် ဆူညံနေတော့သည်။ ထို့နောက် ချောင်ကြိုချောင်ကြားနေရာအနှံ့မှ မီးခိုးမည်းမည်းတွေ အုံဖွဲ့လွင့်မျောလာပြီး ဘုရားရှိခိုးနေသော ဆရာဘေးမှာ လှည့်ပတ်နေသည်။

သူ့ဘေးနား ရောက်မှ မီးခိုးမည်းမည်းတွေက မကောင်းဆိုးဝါးတွေ ဖြစ်သွားပြီး ဆရာ့ကို ကိုက်မလို ဆွဲမလို ပါးစပ်ဖြဲထားသည်ကို မမိုးစွေ တွေ့နေရသည်။ မျက်လုံးတွေက မီးခဲလို ရဲရဲနီနေပြီး အစွယ်အဖွေးသား သွားရည်တမြားမြားနှင့် လှည့်ပတ်လူးလှိမ့်ရှားနေကြပြီ။

ထိုစဉ်မှာ ဘုရားစင်ပေါ်က ဖယောင်းတိုင်သုံးတိုင်၏ မီးညွန့်တွေက မီးတောက်မီးလျှံအဖြစ် ပြောင်းလဲသွားသည်။ ထို့နောက် နဂါးငွေ့လို မည်းမည်းသတ္တဝါတွေ ရှိရာသို့ ဝေ့ဝိုက်ရောက်ရှိသွား၏။ မကောင်းဆိုးဝါး မည်းမည်းအခိုးအငွေ့တွေလည်း ကျောင်းအပြင်သို့ လွင့်မျောထွက်သွားပြီး မကြာမီ



BURMESE CLASSIC .com



အားလုံး နဂိုအတိုင်း ပြန်ဖြစ်သွားသည်။ မမိုးစွေက ဝမ်းသာအားရ ထအော်လိုက်သည်။

"အားလုံး ထွက်ပြေးကုန်ပြီ"

"မိုးစွေ. . . ဘာတွေထွက်ပြေးကုန်တာလဲ"

"မကောင်းဆိုးဝါးတွေပေါ့ မမစိုးရယ်၊ ဒီကျောင်းထဲမှာ ရှိနေတဲ့ မကောင်းဆိုးဝါးတွေ ထွက်ပြေးကုန်တာ"

"ကဲကဲ. . . ကျောင်းဖွင့်တဲ့နေ့မှာ ရွာဦးကျောင်းက သံဃာငါးပါးပင့်ပြီး ပရိတ်တရားနာကြရမယ်ဟေ့"

ဦးလေးမောင်က တိုးတိုးသက်သာ ပြောလိုက်သော်လည်း အားလုံး ကွဲကွဲပြားပြား ကြားလိုက်ကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဖွင့်မည့်နေ့ . . . အရုဏ်တက်ချိန်မှာ အေးရာ ရွာ တွဲဖက်အလယ်တန်းကျောင်းထဲက ပရိတ်တရားသံတွေ လျှံထွက်လာသည်ကို ကြားကြရလေတော့၏။

စာကြွင်း ။ ။ မမိုးခွေထံမှ မြကြာပြုး၏ စိတ်ဝင်စားဖွယ် မှတ်တမ်းကို ဖတ်ရှုခွင့်ရပြီး ကြေကွဲဝမ်းနည်း ဖြစ်ခဲ့ရပါ၏။ ကျွန်တော့် လိုပင် စာဖတ်ပရိသတ်များလည်း စိတ်ဝင်စားကြလိမ့်မည်ဟု ထင်မြင် ယူဆမိပါသည်။ သို့သော် အကြောင်းကြောင်းကြောင့်ကွက်၍ ဤစာအုပ် တွင် ဖော်ပြခွင့်မရခဲ့ပါ။ တစ်ချိန်ချိန် အကြောင်းသင့်လျှင် မြကြာပြုး၏ မှတ်တမ်းကို ရေးသားဖော်ပြခွင့်ရမည်ဟု ယုံကြည်မျှော်လင့်လျက် . . .။

ဒေဝတာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်စာပေ

# ဒေဝတ

ကျွန်းခေါင့်တာရွှေ



BURMESE CLASSIC .com

www.burmeseclassic.com